မြန်မာ့အလင်း

၁၂၇၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော်နေ့၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၁၆)

အိုင်စီတီ၏ တိုးတက်သည့်နည်းပညာများ အရေးပါသောအခွင့်အလမ်းများဖန်တီးဖော်ဆောင်နိုင်

- ❒ အိုင်စီတီ၏ တိုးတက်သည့်နည်းပညာများသည် မြန်မာနိုင်ငံကို အမြန်ဆုံးတိုးတက်အောင် ပို့ဆောင်ပေးနိုင်မည့် အရေးပါသော အခွင့်အလမ်းများကို ဖန်တီးဖော်ဆောင်ပေးနိုင်စွမ်းရှိ၊
- ❒ နိုင်ငံတော်အစိုးရသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်လာစေရေအောင် သန္နိဋ္ဌာန်ချ ဆောင်ရွက်နေရာတွင် အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍမှကွန်ပျူတာပညာရှင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များနှင့် နိုင်ငံရပ်ခြားမိတ်ဆွေများ၏ ပံ့ပိုးကူညီမှုများကြောင့် မကြာခင်နှစ်များအတွင်း အိုင်စီတီနည်းပညာ လျင်မြန်စွာတိုးတက်လာ၊
- ❒ နိုင်ငံသားအားလုံးသည် အိုင်စီတီ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်မြှင့်ပြီး ရှေ့ဆက်ဆောင်ရွက်ကြရမည်၊
- ❒ နိုင်ငံတော်အစိုးရဘက်ကလည်း မြန်မာနိုင်ငံ၏ အိုင်စီတီဖွံ့ဖြိုးရေး ပုဂ္ဂလိကနှင့် အများပြည်သူအတွက် ထိရောက်သည့်ပံ့ပိုးမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်။

အမှာစကားပြောကြား

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(မြန်မာ့အလင်း)

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေး သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာအဓိကကျ အိုင်စီတီသည် လူမှုဘဝအနာဂတ် ပိုမိုတင့်တယ်မြင့်မားလာအောင်ထောက်ကူပေးနိုင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ရှေးကထက်ပိုမိုပူးပေါင်းပြီး လက်တွဲဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းတို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ (The Fourth Myanmar ICT Week 2005) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ MICT DC ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ ***စာမျက်နှာ ၆ ကော်လံ ၁*** ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

ကျောက်မျက်ရတနာများကို ခေတ်မီနည်းစနစ်ဖြင့် ရှာဖွေဖော်ထုတ် နိုင်ငံတော် ဝင်ငွေပိုမိုတိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် မြေပေါ်မြေအောက် သဘာဝသယံဇာတများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်တွင် ဖြစ်တည်နေသည့် သဘာဝသယံဇာတများကို အကျိုးရှိရှိ ထုတ်ယူသုံးစွဲနိုင်သည်နှင့်အမျှ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၅ရက်နေ့က ရန်ကုန်မြို့ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် ဆွေးနွေးမှာကြားရာ၌–

“နိုင်ငံတော်၏စွမ်းအင်ကဏ္ဍ၊ တည်ဆောက်ရေးကဏ္ဍစသည့် ကဏ္ဍများအတွက် အထောက်အကူဖြစ်စေသည့် အဖိုးတန်သတ္တုများ၊ ရွှေ၊ ငွေ၊ ကျောက်စိမ်း၊ နီလာ၊ ပတ္တမြားစသည့် အဖိုးတန်ကျောက်မျက်ရတနာများကို ခေတ်မီနည်းစနစ်များဖြင့် ရှာဖွေဖော်ထုတ်ပြီး နိုင်ငံ့စီးပွားရေးအတွက် ကျောက်မျက်ရတနာလုပ်ငန်းမှ ဝင်ငွေပိုမိုတိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း”

ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံ အရှေ့ပိုင်းရှိ ကုန်းမြင့်နှင့်တောင်တန်းဒေသများ၊ အရှေ့မြောက်ဘက်ရှိ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်ဒေသများ၊ တနင်္သာရီတောင်တန်းဒေသများသည် သက်ရင့်ကျောက်များ ဖြစ်တည်နေသည့် ဒေသများဖြစ်ကြသည်။ ထို့ကြောင့် အဆိုပါဒေသများတွင် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်နီစသော အဖိုးတန်ကျောက်မျက်ရတနာများနှင့် ရွှေ၊ ငွေ၊ ခဲ၊ သွပ်၊ ခဲမဖြူ၊ အဖြိုက်နက်၊ ခနောက်စိမ်း၊ ကြေးနီ၊ ခရိုမိုက်၊ ပလက်တီနမ်နှင့် မင်းဂနီး(စ)စသော တွင်းထွက်ပစ္စည်းများ ဖြစ်တည်လျက်ရှိသည်။

အဆိုပါ ပေါများကြွယ်ဝသော မြန်မာ့ကျောက်မျက်ရတနာများကို ခေတ်မီနည်းစနစ်ဖြင့် ရှာဖွေဖော်ထုတ်ပြီး နိုင်ငံ့စီးပွားတိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားရှာဖွေဖော်ထုတ်ကြရန် ဖြစ်သည်။ ယခုအခါ မြန်မာ့ကျောက်စိမ်း၊ မြန်မာ့ကျောက်မျက်ရတနာဈေးကွက် တိုးတက်ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့ ပူးပေါင်းလက်တွဲ၍ အကျိုးတူလုပ်ကိုင်လျက် ရှိသည်။

ထို့ကြောင့် နိုင်ငံတော်၏ကျောက်မျက်ရတနာလုပ်ငန်းနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ နှစ်စဉ်ဝင်ငွေများ တိုးတက်ရရှိလျက်ရှိသည်။ သတ္တုတွင်းဝန်ကြီးဌာနသည် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်လက်တွဲ၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သတ္တုနှင့် ကျောက်မျက်ရတနာများ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်၊ ရောင်းဝယ်ခြင်းလုပ်ငန်းများတွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ စနစ်တကျဖြစ်ထွန်းစေပြီး နိုင်ငံတော်၏စီးပွားရေး တိုးတက်မြင့်မားရေး အထောက်အကူဖြစ်စေရန်အတွက် ကျောက်မျက်ရတနာနှင့်သက်ဆိုင်သည့် ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းလုပ်ကိုင်လျက်ရှိသည်။

ကျောက်မျက်ရတနာ ကြီးကြပ်ရေးကော်မတီက ကျောက်မျက်ရတနာ နယ်မြေများအတွင်း သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်လုပ်ကွက်များနှင့် ကျောက်စိမ်းလုပ်ကွက်များကို မြန်မာ့ကျောက်မျက် ရတနာဥပဒေနှင့်အညီ တူးဖော်လုပ်ကိုင်ခွင့်များကို ခွင့်ပြုချထားဆောင်ရွက်စေလျက်ရှိသည်။

ကျောက်မျက်ရတနာနှင့် သတ္တုတူးဖော်ထုတ်လုပ်ရာတွင် နိုင်ငံတော်၏ သဘာဝသစ်တောများ မပျက်ယွင်းစေရေးနှင့် မြစ်၊ ချောင်းများ တိမ်ကောပျက်စီးယိုယွင်းမှုများ မဖြစ်ပေါ်စေဘဲ လုပ်ကိုင်ကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို အလေးဂရုပြု ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်သည်။

ထို့အပြင် မြန်မာနိုင်ငံသည် အဖိုးတန်ကျောက်မျက်ရတနာများထွက်ရှိရာ ပင်ရင်းဒေသဖြစ်သည်နှင့်အညီ နိုင်ငံတကာအသိအမှတ်ပြု ကျောက်မျက်ရတနာဈေးကွက် ယခုထက်ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့်ခိုင်မာစွာ ဖြစ်ထွန်းလာစေရန် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အတွင်း ပေါများကြွယ်ဝသည့် သဘာဝတွင်းထွက်ရတနာ သယံဇာတများကို ခေတ်မီနည်းစနစ်များဖြင့် ရှာဖွေဖော်ထုတ်၍ နိုင်ငံ့ဝင်ငွေပိုမို တိုးတက်ရရှိစေရန်အတွက် ကျောက်မျက်ရတနာ ရှာဖွေတူးဖော်ထုတ်လုပ်သူများအားလုံး နိုင်ငံတော်နှင့်လက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

စစ်ကိုင်းစာသင်တိုက် ကျောင်းဆောင်များ ရေစက်ချ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော ဆရာတော်ပူဇော်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်(သုဝဏ္ဏ)ရှိ စစ်ကိုင်းစာသင်တိုက် ကျောင်းဆောင်များ ရေစက်ချပွဲနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ် ခြင်းခံရသည့် စစ်ကိုင်းစာသင်တိုက် ပဓာနနာယက ဆရာတော်အား ပူဇော်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၉နာရီက အဆိုပါစာသင်တိုက်ဓမ္မာရုံ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ၊ စစ်ကိုင်းစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် စစ်ကိုင်းစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဓမ္မာနန္ဒ၏ ထေရုပ္ပတ္တိနှင့် ဂုဏပူဇာဓမ္မကထာတို့ကို ဆရာတော်၏ တပည့် သံဃာတော်များက ဖတ်ကြားပူဇော်ပြီး ဒုတိယဝန်ကြီးအမှူးပြုသော ဧည့်ပရိသတ်များက ဆရာတော်များနှင့် သံဃာတော်တို့အား လှူဖွယ် ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော်က စစ်ကိုင်းစာသင်တိုက်အတွင်း ဆောက်လုပ်ပြီးစီးသော တာဝတိံသာ သုံးထပ်ဆောင်၊ ဝေဠုဝန် သုံးထပ်ဆောင်၊ မိဂဒါဝုန် သုံးထပ်ဆောင်၊ ဇေတဝန် သုံးထပ်ဆောင်နှင့် နိဂြောဓာရုံ နှစ်ထပ်ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းခြင်းအတွက် အနုမောဒနာတရားနှင့် ရေစက်ချတရားတော်ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွယ်လွန်သူကျေးဇူးရှင်များဖြစ်ကြသော ဘိုးဘိုး၊ဘွားဘွားနှင့် ဖခင်ကြီး ဦးညီညီရင်၊ မိခင်ကြီး ဒေါ်မေသန်းစော၊ ကြီးကြီး ဒေါ်ခင်ဝင်းတို့အား ရည်စူး၍ အမှတ်၁၂(H-၂)ဦးလွန်းမောင်လမ်းသွယ်(၃) မရမ်းကုန်းမြို့နယ်နေ မင်းပိုင်စိုး–ခေမာရင်၊သမီးမြင့်မြတ်ပိုင်စိုး မိသားစုက ဗီဇိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းကိုလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၂၄–၁–၂၀၀၅
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ရုပ်ရင်း(Morpheme) (တတိယနှစ်–မြန်မာစာအထူးပြု)
- ၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပင်လယ်ကြီးလောက်ချစ်တယ်”**(အပိုင်း–၃၇)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာသိုက်နဲ့ ရန်နိုင်စား”** (အပိုင်း–၃၉)

မိုင်းဆတ်မြို့ သမိန်ဗရမ်းလမ်း ကျောက်ချောခင်း

ရန်ကုန် ဇန်နဝါရီ ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေကျပ် ၁၃ ဒသမ ၄၂ သိန်းဖြင့် မြို့ပြလမ်းဖြစ်သည့် သမိန်ဗရမ်းလမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ပေ ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်စိုး၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် အဖွဲ့က ဒီဇင်ဘာ၂၁ရက်က ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာအမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဓမ္မပူဇာသဘင် ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ လက်ယက်စမ်းအုပ်စု ပျဉ်ထောင်ကျောင်းကျေးရွာ ဓမ္မသုခကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရ (၅၃)နှစ်ပြည့် ဝိဇာတအထိမ်းအမှတ် ဓမ္မပူဇာသဘင်လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ၁၃၆၆ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်မှ လပြည့်ကျော်၇ရက်(ဇန်နဝါရီ ၂၅ ရက်မှ ၃၁ရက်)အထိ ဓမ္မသုခကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ရဟန်း၊ သီလရှင်၊ ယောဂီ ပါရမီရှင် အပေါင်းတို့သည် ဖုန်း–၅၆၀၇၁၀ သို့ ဆက်သွယ်စာရင်းပေးသွင်း၍ ဇန်နဝါရီ၂၄ရက် ညနေ ၄နာရီအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

* ကျောဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မိမိအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တစ်ဖွဲ့ပြီးတစ်ဖွဲ့ အချိန်ယူတွေ့ဆုံပြီး တိုင်းရင်းသား လူမျိုးများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများအပေါ် နိုင်ငံတော်က ထားရှိသည့် ယခင်သဘောထား ခံယူချက်များအတိုင်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းပြလျက်ရှိကြောင်း။

တိုင်းရင်းသား အဖွဲ့အစည်းများ အပါအဝင် နိုင်ငံတော်အတွင်းရှိ နယ်ပယ်ကဏ္ဍစုံ၊ အလွှာစုံမှကိုယ်စားလှယ်များ ပါဝင်တက်ရောက် ဆွေးနွေးနေကြသည့် အမျိုးသားညီလာခံကြီးကိုလည်း မကြာမီ ဆက်လက်ကျင်းပတော့မည် ဖြစ်ကြောင်း။

ဆွေးနွေးချမှတ်

အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အနာဂတ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးနှင့်တကွ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ရေရှည်အာမခံနိုင်မည့်အပြင် တိုင်းရင်းသားလူမျိုးများ အားလုံး၏ အကျိုးစီးပွားကို ညီညွတ်မျှတစွာဖော်ဆောင်နိုင်မည့်၊ တစ်မျိုးသားလုံးအတွက် အကောင်းဆုံးဖြစ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အခြေခံရမည့် အခြေခံမူများကို ဆွေးနွေးချမှတ်နေခြင်း ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးက အသေးစိတ် အခြေခံမူများ ချမှတ်ပေးပြီးနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး၊ ပြည်သူလူထု၏ သဘောထားဆန္ဒ ခံယူအတည်ပြုရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပရေးစသည့် လုပ်ငန်းစဉ်များ ဆက်လက် ဆောင်ရွက်ကြရဦးမှာဖြစ်ကြောင်း။

အချိန်ယူ ဆောင်ရွက်

မိမိတို့ မိဘဘိုးဘွားများ ထားရစ်ခဲ့သည့် အမျိုးသားရေး အမွေအနှစ်ဖြစ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုအနှစ်သာရများ ယိုယွင်းပျက်ပြားမှုမရှိစေဘဲ အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရေးအတွက် အခြေခံခိုင်မာစွာဖြင့် တစ်ဆင့်ချင်း တစ်ဆင့်ချင်းဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ ပြည့်ပြည့်ဝဝ အောင်မြင်ပြီးမြောက်ရေးအတွက် အချိန်ယူ ဆောင်ရွက်ကြရန် လိုကြောင်း။

မိမိတို့နိုင်ငံ၏ ပကတိအခြေအနေမှန်၊ ပြည်ထောင်စုကြီး၏ အဓိပ္ပာယ်နှင့် အနှစ်သာရတို့ကို သဘောပေါက်နားလည်မှုမရှိသည့် အနောက်နိုင်ငံကြီးအချို့က ဖိအားပေးနေသည်များလည်းရှိကြောင်း။

အခြေခံခိုင်ခိုင်မာမာ

မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိပြည်ထောင်စုကြီး၏ သမိုင်းကြောင်းအခြေခံများ၊ ယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများ၊ ပြည်ထောင်စုကြီး၏ အနှစ်သာရများနှင့် ဆီလျော်ညီညွတ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးနှင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ အခြေခံ ခိုင်ခိုင်မာမာနှင့် ဖြစ်ထွန်းနေစေဖို့ အဓိကပင်ဖြစ်ကြောင်း။

ယခုအခါတွင် နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည်နှင့်အညီ နိုင်ငံတော်အနာဂတ် တည်ငြိမ်ခိုင်မာစေရေးအတွက် အခြေခံအုတ်မြစ်များ တည်ဆောက်နိုင်စေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

တစ်မျိုးသားလုံး လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားညီလာခံကြီးက အစပြုသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ပြည့်မြောက်စေရအောင် တိုင်းရင်းသား အဖွဲ့အစည်းများအားလုံးက မူဝါဒလမ်းစဉ်(၇)ရပ်၏ အဆင့်တိုင်းအဆင့်တိုင်းတွင် တက်ကြွစွာပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် အထူးဒေသ(၂)ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းက ကချင်တိုင်းရင်းသားများအနေဖြင့် ကိုလိုနီနယ်ချဲ့ ကျူးကျော်မှုဆန့်ကျင်ရေးကာလမှ စတင်၍ နိုင်ငံတော် လွတ်လပ်ရေးရရှိသည့်တိုင် အခြားသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် လက်တွဲပူးပေါင်းတွန်းလှန် ကာကွယ်ခဲ့သည့် သမိုင်းကြောင်း အစဉ်အလာရှိပါကြောင်း။

တက်ကြွစွာပါဝင်

ယခုလည်း နိုင်ငံတော်အစိုးရက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ထုတ်ဖော်ကြေညာချိန်ကပင် စတင်ထောက်ခံခဲ့ပြီး အမျိုးသားညီလာခံကြီးတွင် တက်ကြွစွာ ပါဝင်တက်ရောက်လျက် ရှိပါကြောင်း။

မိမိတို့ ကချင်တိုင်းရင်းသားများနှင့် မိမိတို့ အဖွဲ့အစည်းအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်သည်အထိ ဆက်လက် လက်တွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြသည်။

ယင်းနောက် နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကချင်ပြည်နယ်အထူးဒေသ(၂) တိုင်းရင်းသားခေါင်းဆောင်များသည် ကချင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ရေအားလျှပ်စစ်ဓာတ်အားတိုးချဲ့တည်ဆောက်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် နိုင်ငံတော်က ကူညီပံ့ပိုးရေး ညှိနှိုင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကချင်ပြည်နယ် အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းနှင့် အဖွဲ့အား ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒဂုံရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံပြီး မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကချင်ပြည်နယ် အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းနှင့် အဖွဲ့အား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

မြတ်ဆရာပူဇော်ပွဲနှင့်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းမြို့ဟောင်းတွင် ရှိသော ယခင်အလက ယခုအထကကျောင်းတွင် ပညာသင်ကြား ပေးခဲ့ကြသော ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ၊ဆရာမများအားပူဇော်ကန်တော့ပွဲနှင့် တစ်ဦးတည်းအလှူရှင်နှင့် စုပေါင်းဆောက်လုပ်လှူဒါန်းထားသော ကျောင်းဆောင်သစ် ငါးဆောင်ကို ပညာရေးဝန်ကြီးဌာနသို့ ဖေဖော်ဝါရီ ၂၀ရက် (တနင်္ဂနွေနေ့) နံနက်တွင် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပမည် ဖြစ်သည်။ အထကစစ်တောင်း၏ ကျောင်းသားဟောင်းများသည် ဦးမြင့်အောင် ဖုန်း-၀၁-၅၆၀၅၈၄၊ ဦးကျော်လင်း(ဓာတ်ပုံအဏ်ထော်ဏီ) ဖုန်း-၀၁-၂၉၀၈၅၇၊၂၈၁၈၄၈၊ဒေါ်ခင်ခင်ကြည် ဖုန်း-၀၂-၆၄၃၈၀၊ ဒေါ်မိုးမိုး (ပဲခူး-မိုးမှန်တိုက်) ဖုန်း-၀၅၂-၂၂၁၇၂၊ ဆရာမဒေါ်ချိုချိုမာ၊ ဦးဌေးရီ (စစ်တောင်း)၊ ဒေါ်ခင်စန်းဝေ(ဖြိုးဝေလက်ဖက်ရည်ဆိုင်) အလယ်လမ်း ရွှေတောင်ရပ် မော်လမြိုင်တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဘုရားဖြူစာတော်ပြန်ပွဲ အောင်စာရင်းထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီးက ကြီးမှူးကျင်းပသော(၇၃)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ အောင်စာရင်းကို ဇန်နဝါရီ ၂၄ရက် (ပြာသိုလပြည့်နေ့) တနင်္လာနေ့တွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ထုတ်ပြန်မည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြင့်မြတ်ခြင်း

❒ တိုက်တာအိမ်ခြေ၊ မိုးထိနေလည်း
လူတွေစိတ်ဓာတ်၊ မြင့်မှမြတ်၏. . .ံ။

❒ လှပသစ်လွင်၊ မည်သို့ဆင်လည်း
လူတွင်စိတ်ဓာတ်၊ မြင့်မှမြတ်၏. . .ံ။

❒ ကဝိတစ်ဆူ၊ ဖြစ်ပါမူလည်း
လူတွင်စိတ်ဓာတ်၊ မြင့်မှမြတ်၏. . .ံ။

❒ တေဇာဘုန်းမိုး၊ မည်မျှတိုးလည်း
မျိုးချစ်စိတ်ဓာတ်၊ မြင့်မှမြတ်၏. . .ံ။

❒ မြင့်မြတ်ခြင်းကား၊ နှလုံးသားမှ
အများအကျိုး၊ သယ်ပိုးလိုစိတ်
ယိုဖိတ်စီးဆင်း၊ ပေးဆပ်ခြင်းတည့်. . .ံ။

❒ မြင့်မြတ်ခြင်းသည်၊ ကိုယ့်တိုင်းပြည်အတွက်
အသက်ပေးလှူ၊ စွန့်ဝံ့သူသာ
ရယူထိုက်တန်၊ ဆုလာဘ်မှန်တည့်. . .ံ။

❒ မြင့်မြတ်ခြင်းကို၊ ပုံပြုဆိုသော်
ကိုယ်ကျိုးမကြည့်၊ တိုင်းပြည့်တာဝန်
ကိုယ့်တာဝန်ပဲ၊ စွဲမြဲတွေးမှတ်
ဆောင်ရွက်တတ်မှ. . .ံ။

❒ အတ္တကင်းရှင်း၊ စေတနာအရင်းခံ
စိတ်ထားမှန်မှ. . .ံ။

❒ အပြုသဘော၊ မနောလှပ
ထားတတ်ကြမှ. . .ံ။

❒ ငါမှ ငါပဲ၊ ငါအစွဲမရှိ
ငါသိ ငါတတ်၊ ငါစိတ်ပြတ်မှ
မြင့်မြတ်ဆုံးသော၊ မြင့်မြတ်ခြင်း. . .ံ။ ။

ဟင်္သာတ မြင့်ငွေ

လူလိုက်ပါမည့် ရှန်ကျို–၆ အာကာသယာဉ် ၂၀၀၅ခုနှစ်အတွင်း တရုတ်လွှတ်တင်မည်

ပေကျင်း ဇန်နဝါရီ ၂၂

တရုတ်နိုင်ငံ၏ လူလိုက်ပါသည့် ရှန်ကျို–၆ အာကာသယာဉ်ကို လာမည့် စက်တင်ဘာလ သို့မဟုတ် အောက်တိုဘာလတွင် လွှတ်တင်ရန်စီစဉ်လိုက်ပြီဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသ အုပ်ချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဆန်းလေယန်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ရှန်ကျို–၆ အာကာသယာဉ်သည် လေးရက်၊ ငါးရက်ကြာ အာကာသတွင်းသို့ ပျံသန်းမည်ဖြစ်ကြောင်း၊ ယင်းအာကာသယာဉ်ပေါ်တွင် အာကာသယာဉ်မှူးနှစ်ဦး လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။

နေထိုင်

အာကာသယာဉ်မှူးများသည် ကမ္ဘာပတ်လမ်းကြောင်းဆိုင်ရာ ထိပ်ဖူးအတွင်း နေထိုင်သွားကာ သိပ္ပံဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆန်းက ပြောကြားသည်။

အဆိုပါ အာကာသယာဉ်ပျံသန်းရေးအတွက် မကြာသေးမီက ပြင်ဆင်မှုများ ဒုံးပစ်စင်တွင် တပ်ဆင်ထားပြီးဖြစ်ကြောင်း ဆန်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

လုပ်ကိုင်

အိန္ဒိယနိုင်ငံရှိ ဆော့ဖ်ဝဲလ်ကုမ္ပဏီတစ်ခု၌ လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်နေကြသည်ကို ဇန်နဝါရီ ၂၁ ရက်က တွေ့ရစဉ်။ (အဆိုပါကုမ္ပဏီသို့ ကမ္ဘာတစ်ဝန်းမှ ဆော့ဖ်ဝဲလ်များ မှာယူမှုများ တိုးမြင့်လာခြင်းကြောင့် တတိယလေးလပတ်တွင် အသားတင် အမြတ် ၅၆ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်း သိရသည်။)

(ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီတလီ အေအိုင်ဒီအက်စ်ကာကွယ်ဆေး စမ်းသပ်တွေ့ရှိချက်များ အားရစရာဖြစ်

ရောမ ဇန်နဝါရီ ၂၂

အီတလီနိုင်ငံက တီထွင်ထုတ်လုပ်သည့် အေအိုင်ဒီအက်စ် ကာကွယ်ဆေးကို စမ်းသပ်တွေ့ရှိချက်များက အလွန်ကောင်းမွန်သော အကျိုးရလဒ်များကို ပေးခဲ့ကြောင်း အီတလီနိုင်ငံရှိ သုတေသနပြုရေးအစီအစဉ် အကြီးအကဲ ဘာဘရာအင်ဆိုလီက သောကြာနေ့၌ ပြောကြားလိုက်သည်။

အကျိုးရလဒ်အပြည့်အဝကို ယခုနှစ် နွေရာသီ၌ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း အင်ဆိုလီက ပြောကြားသည်။ စေတနာအလျောက် အစမ်းသပ်ခံသူ ၄၈ ဦးတွင် နောက်ဆုံး စမ်းသပ်ခံသူ၏ အချက်အလက်ကို စူးစမ်းလေ့လာထားကြောင်း၊ ၎င်းအား ပြီးပြည့်စုံအောင် စမ်းသပ်ပြီးသည့်အခါ အကျိုးရလဒ် အပြည့်အဝကို ထုတ်ပြန်မည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

သို့ရာတွင် ပဏာမစမ်းသပ်တွေ့ရှိသည့်ရလဒ်များက စမ်းသပ်မှုအစီအစဉ် အလွန်ကောင်းကြောင်း ပြသခဲ့သည်ဟု သုတေသီ ဘာဘရာအင်ဆိုလီက ပြောကြားသည်။

ပထမအဆင့် စမ်းသပ်ချက်သည် အေအိုင်ဒီအက်စ်ဗိုင်းရပ်စ်ကို နှိမ်နင်းရာ၌ အဆိုပါကာကွယ်ဆေးက အကျိုးထိရောက်မှုရှိ၊ မရှိကို သိရှိရန် ရည်ရွယ်သည့်ပြင် ဘေးထွက် အကျိုးသက်ရောက်မှုများကို ဖော်ထုတ်သိရှိရန်ဖြစ်ကြောင်း အင်ဆိုလီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အနောက်ပိုင်း စင်းကျန်းပြည်နယ် လွှန်နန်ရှိ ရေနံသန့်စင်စက်ရုံ တစ်ရုံ၌ ရေနံများ သန့်စင် ထုတ်လုပ်လျက်ရှိသည်ကို ဇန်နဝါရီ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



ဂြိုဟ်တုသုံးလုံး ယခုနှစ်အတွင်း အိန္ဒိယလွှတ်တင်မည်

တီဂူပက်တီ ဇန်နဝါရီ ၂၂

အိန္ဒိယနိုင်ငံသည် ယခုနှစ်တွင် အာကာသထဲသို့ ဂြိုဟ်တုသုံးလုံး လွှတ်တင်မည်ဖြစ်ကြောင်း အိန္ဒိယ အာကာသ သုတေသနပြုရေးအဖွဲ့(အိုင်အက်စ်အာရ်အို)ဥက္ကဋ္ဌ ဂျီမက်ဟာဖန်က တီဂူပက်တီမြို့၌ ကြာသပတေးနေ့က ပြောကြားသည်။

အိုင်အက်စ်အာရ်အိုသည် ကာရိုဆက်–၁ ကို မတ်လကုန် သို့မဟုတ် ဧပြီ ပထမပတ်၌ ဆရီဟာရီကိုတာမှနေ၍ လွှတ်တင်မည်ဖြစ်ပြီး အင်ဆက်–၄ အေနှင့် အင်ဆက်–၄ ဘီ တို့ကို ပြင်သစ် ဂီယာနာရှိ ကူဂူမှနေ၍ ယခုနှစ် ဇွန်လနှင့် ဒီဇင်ဘာလတွင် လွှတ်တင်မည် ဖြစ်သည်။

ငလျင် သို့မဟုတ် ဆူနာမီကဲ့သို့ သဘာဝဘေးအန္တရာယ်များကိုကြိုတင်ခန့်မှန်းထောက်လှမ်းနိုင်သော အာကာသအခြေစိုက်စနစ် စွမ်းအင်ကို ကမ္ဘာ့မည်သည့်နိုင်ငံကမျှ လွှတ်တင်ထားခြင်းမရှိကြောင်း ၎င်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် အနည်းငယ်ကြိုတင်သတိပေးနိုင်သော အချက်အလက် စုဆောင်းရေး နည်းလမ်းတစ်ရပ်ကို ရှာဖွေလျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံတွင်း၌ မိုးလေဝသဌာန ၂၀၀ ရှိပြီး နောက်ထပ် ၂၀၀ ကို ဆိုင်ကလုန်းနှင့် တိုင်ဖုန်းမုန်တိုင်းများ အားကြိုတင် သိရှိနိုင်ရန်အတွက် သမုဒ္ဒရာအတွင်း၌ ထူထောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆူနာမီသည် ရာစုနှစ်တစ်ခုအတွင်း တစ်ကြိမ်သာဖြစ်ပေါ်တတ်သည့် မျှော်လင့်မထားနိုင်သော အဖြစ်အပျက်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဂြိုဟ်တုများပင် ဆူနာမီလှိုင်းများ၏ ပုံရိပ်ကို မဖော်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်

အမျိုးသားနှင့်အမျိုးသမီး ဦးနှောက်တည်ဆောက်ပုံ ခြားနားသော်လည်း အသိဉာဏ်ရှိပုံ တူညီကြ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၂

အမျိုးသားများနှင့် အမျိုးသမီးများသည် ထူးခြားသည့် ယင်းတို့၏ အသိဉာဏ်များမှာ ဦးနှောက် အကန့်များ ခြားနားချက် ရှိနေသော်လည်း ယေဘုယျ အသိဉာဏ်မှာ ခြားနားချက် မရှိကြောင်း အမေရိကန် သိပ္ပံ ပညာရှင်များက ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

ကာလီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ နောက်ဆုံး လေ့လာချက်အရ အမျိုးသမီးများသည်အဖြူရောင်ဦးနှောက် ပိုများပြီး အမျိုးသားများသည် မီးခိုးရောင် ဦးနှောက် ပိုများကာ ခြားနားချက် ရှိနေသော်လည်း ယေဘုယျအသိဉာဏ်မှာ တူညီကြကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

အမျိုးသားများသည် အမျိုးသမီးများထက် ယေဘုယျအသိဉာဏ်နှင့် ဆက်စပ်သော မီးခိုးရောင် ဦးနှောက်ပမာဏ ခြောက်ဆခွဲရှိပြီး အမျိုးသမီးများသည်အမျိုးသားများထက် အသိဉာဏ်နှင့်ဆက်စပ်သော အဖြူရောင် ဦးနှောက်ပမာဏ ၁၀ ဆနီးပါးမျှ ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

မီးခိုးရောင်သည် ဦးနှောက်ရှိ ဗဟိုချက်အရာများ ပြန်ကြားခြင်းကို ကိုယ်စားပြုပြီး အဖြူရောင်သည် ဗဟိုချက်အရာများ လုပ်ဆောင်ရန် ကွန်ရက်တာဝန်ကို ထမ်းဆောင်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ရေခဲတောင်တန်းများနှင့် ဓာတ်ငွေ့ရည်ပင်လယ်များ စနေဂြိုဟ်၏ တိုက်တန်လပေါ်၌ ဖုံးလွှမ်းနေ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၂

စနေဂြိုဟ်၏ တိုက်တန်လတွင် ရေခဲတောင်တန်းများနှင့် သဘာဝဓာတ်ငွေ့ရည်ပင်လယ်များ ဖုံးလွှမ်းထားကြောင်း ဟိုင်ဂျင်းအာကာသယာဉ်မှ ပေးပို့သော အချက်အလက်များကို စူးစမ်းလေ့လာပြီးနောက် သိပ္ပံပညာရှင်များအဖွဲ့ တစ်ဖွဲ့က သောကြာနေ့၌ ကောက်ချက်ချ ပြောကြားလိုက်သည်။

မိမိတို့သည် မီးစွဲလောင်လွယ်သော ကမ္ဘာကြီးတစ်ခုကို စူးစမ်းရရှိထားပြီဖြစ်ကြောင်း လေထုလွှာဆိုင်ရာ သိပ္ပံပညာရှင် တိုဘီအိုဝင်က ပြောကြားသည်။

ဝင်ရောက်

စနေဂြိုဟ်စူးစမ်းလေ့လာရေးယာဉ် ကက်စ်ဆီနီကို ကမ္ဘာမြေမှနေ၍ လွှတ်တင်ခဲ့သည်မှာ ခုနစ်နှစ်ကြာခဲ့ပြီးနောက် ဟိုင်ဂျင်းအာကာသယာဉ်သည် ဒီဇင်ဘာလထဲ၌ ကက်စ်ဆီနီမှ ခွဲထွက်ကာ တိုက်တန်လဆီသို့ ဦးတည်သွားခဲ့ရာ ပြီးခဲ့သည့် သောကြာနေ့၌ တိုက်တန်လ၏ လေထုလွှာထဲသို့ ဝင်ရောက်ခဲ့သည်။

သတင်းပို့

အဆိုပါ တိုက်တန်လစူးစမ်းလေ့လာမှုကို နာဆာနှင့် ဥရောပ၊ အီတလီ အာကာသအေဂျင်စီတို့ ပူးတွဲလုပ်ဆောင်ခြင်းဖြစ်သည်။ တိုက်တန်လ၏ လေထုလွှာဖွဲ့စည်းမှု၊ မြေပြင်အနေအထားတို့နှင့်ဆိုင်သော အချက်အလက်များကို ယင်းစူးစမ်းလေ့လာရေးယာဉ်က သတင်းပြန်ပို့ပေးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဩစတြေးလျ လေယာဉ်နှစ်စင်း ဝေဟင်၌တိုက်မိ

ကင်ဘာရာ ဇန်နဝါရီ ၂၂

ဩစတြေးလျလေတပ်မှ လေယာဉ်နှစ်စင်းသည် ဗစ်တိုးရီးယားပြည်နယ် အရှေ့ပိုင်း ဝေဟင်တွင် တိုက်မိကြရာ လေယာဉ်မှူး နှစ်ဦးစလုံး ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ရေးသားဖော်ပြသည်။

အဆိုပါတိုက်မိသည့် လေယာဉ်များသည် မြေပြင်သို့ကျလာပြီး လေယာဉ်မှူးတစ်ဦးမှာ လေယာဉ်ထဲမှ ဖယ်ရှားမှုပြုလုပ်ပေးခဲ့ရကြောင်း၊ အခြားတစ်ဦးမှာ ၎င်းကိုယ်၎င်း လေယာဉ်ထဲမှ ထွက်ခွာလာခဲ့ကြောင်း သတင်းဖော်ပြပါရှိသည်။

လေယာဉ်မှူးနှစ်ဦးစလုံး ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း၊ ဒဏ်ရာပြင်းထန်စွာ ရရှိမည့် အနေအထားမှ လွတ်မြောက်ခဲ့ကြကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗင်နီဇွဲလားနှင့်ပတ်သက်သည့် ကွန်ဒိုလီဇာရိုက်စ်၏ မှတ်ချက်များ ဗင်နီဇွဲလားနိုင်ငံကိုကြောက်ရွံ့၍ ပြောဆိုခြင်းသာဖြစ်ဟုဆို

ကရာကာ့စ် ဇန်နဝါရီ ၂၁

ဗင်နီဇွဲလားနိုင်ငံသည် ဒေသအတွက် အပြုသဘောမဆောင်သော အင်အားတစ်ရပ်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသူ ကွန်ဒိုလီဇာရိုက်စ်၏ မှတ်ချက်ပေးပြောဆိုမှုများအား ဗင်နီဇွဲလားနိုင်ငံက ဗုဒ္ဓဟူးနေ့၌ ပယ်ချခဲ့သည်။

ရိုက်စ်၏မှတ်ချက်များသည် ဗင်နီဇွဲလားနိုင်ငံနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးရေးမဏ္ဍိုင် ပေါင်းစည်းဖွဲ့စည်းရေးလုပ်ငန်းစဉ်တွင် ဗင်နီဇွဲလားနိုင်ငံ၏ ဦးဆောင်မှုကို ကြောက်ရွံ့ခြင်းသာဖြစ်ကြောင်း၊ ဒေသဆိုင်ရာဖွံ့ဖြိုးရေးမဏ္ဍိုင် ပေါင်းစည်းဖွဲ့စည်းခြင်းသည် အမေရိကန်ပြည်ထောင်စု၏ နယ်ချဲ့စွမ်းအားကို လျော့စေမည်ဖြစ်ကြောင်း ဗင်နီဇွဲလား ဆက်သွယ်ရေးနှင့်ပြန်ကြားရေးဝန်ကြီး အင်ဒါ အဇ်ဇာရာက ပြောကြားသည်။

ငြင်းပယ်

ဗင်နီဇွဲလားအစိုးရက ရိုက်စ်၏ မှတ်ချက်များကို အခိုင်အမာငြင်းပယ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ ဖော်ပြချက်သည် ပြည့်စုံမှုမရှိခြင်း၊ ဗင်နီဇွဲလားနိုင်ငံ၌ ဖြစ်ပျက်နေသည့် အဖြစ်အပျက်ကို ပြည့်ပြည့်စုံစုံ မသိခြင်းတို့ကြောင့် ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

ကမ္ဘာတွင် ယနေ့အချိန်အခါ၌ အမှန်တကယ် အပြုသဘောမဆောင်သော အင်အားတစ်ရပ်မှာ ဂျော့ဒဗလျူဘုရှ်၏ အစိုးရအဖွဲ့သာဖြစ်ကြောင်း အဇ်ဇာရာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆီးနှင်းများဖုံးလွှမ်း

ချီကာဂိုမြို့ ဝန်းကျင်၌ ဆီးနှင်းများ ထူထပ်စွာကျရောက်ခဲ့မှုကြောင့် လမ်းများပေါ်တွင် မော်တော်ကားများ ဆီးနှင်းများဖုံးလွှမ်းလျက်ရှိသည်ကို ဇန်နဝါရီ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆန်အများဆုံးတင်ပို့နိုင်ငံ ထိုင်းနိုင်ငံဖြစ်ခဲ့

ဗန်ကောက် ဇန်နဝါရီ ၂၁

ထိုင်းနိုင်ငံသည် ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့် ထိပ်ဆုံးနိုင်ငံအဖြစ် ယမန်နှစ်က ရှိမြဲရှိခဲ့ပြီး ဒုတိယဆန်အများဆုံးတင်ပို့သည့်နိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်ကြောင်း ထိုင်းသတင်းဌာနက သောကြာနေ့၌ သတင်းဖော်ပြသည်။

တင်ပို့

ထိုင်းနိုင်ငံသည် ယမန်နှစ်၌ စုစုပေါင်းဆန် တန်ချိန် ၁၀ဒသမ၁၃သန်း တင်ပို့ကာ ကမ္ဘာ့ဆန်တင်ပို့ရောင်းချသည့် နိုင်ငံများစာရင်း၌ ထိပ်ဆုံးမှ ရှိခဲ့သည်။ ၂၀၀၄ခုနှစ်၌ ဗီယက်နမ်နိုင်ငံက ဆန်တန်ချိန် လေးသန်းကျော် တင်ပို့ကာ ဒုတိယလိုက်ခဲ့သည်ဟု သတင်းဌာနက ဖော်ပြသည်။

ယမန်နှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့်အိန္ဒိယနိုင်ငံတို့ကတတိယနှင့်စတုတ္ထဆန်အများဆုံးတင် ပို့သောနိုင်ငံများဖြစ်ခဲ့ကြပြီး အမေရိကန်ပြည်ထောင်စုက တန်ချိန်သုံးသန်းနှင့် အိန္ဒိယက ၂ဒသမ၈သန်း အသီးသီး တင်ပို့ခဲ့ကြသည်။

မျှော်လင့်

ယခုနှစ်၌လည်း ဆန်အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ရန် ထိုင်းနိုင်ငံက မျှော်လင့်ထားကြောင်း ထိုင်းကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။ **(အင်တာနက်)**

အခွန်ဝင်ငွေ ဒေါ်လာ ၂၈၈သန်း ယမန်နှစ်က ကမ္ဘောဒီးယားရရှိခဲ့

ဖနောင်ပင် ဇန်နဝါရီ ၂၁

ကမ္ဘောဒီးယားအစိုးရသည် ၂၀၀၄ ခုနှစ်အတွင်း အခွန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈၈ သန်း ကောက်ခံရရှိခဲ့ကြောင်း လူထုဆက်သွယ်ရေးက သောကြာနေ့၌ သတင်းဖော်ပြသည်။

နိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုး(ဂျီဒီပီ)၏ ၆ ရာခိုင်နှုန်းခန့် အခွန်ဝင်ငွေ ကောက်ခံရရှိခြင်းသည် အစိုးရ၏ လျာထားချက်ပြည့်မီကြောင်း အကောက်ခွန်နှင့် ယစ်မျိုးခွန်ဌာန ညွှန်ကြားရေးမှူး ပင်ဆီမန်းက ကြာသပတေးနေ့က ပြုလုပ်သည့်အစည်းအဝေး၌ ပြောကြားသည်။

၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အကောက်ခွန်နှင့် ယစ်မျိုးခွန်ဌာနသည် စုစုပေါင်း အခွန်ဝင်ငွေ ဒေါ်လာ ၇၇၆ သန်း ကောက်ခံရရှိခဲ့ရာ ၂၀၀၂ ခုနှစ်၌ ဒေါ်လာ ၂၄၅ သန်းခန့်နှင့် ၂၀၀၃ ခုနှစ်၌ ဒေါ်လာ ၂၄၃ သန်း ကောက်ခံရရှိခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ထိုင်းနိုင်ငံရှိ ဖူးကက်ကျွန်း ပင်လယ်ဘက်ဆီသို့ ပို့ရွေ့သွားခဲ့ ချူလာလောင်ကွန်တက္ကသိုလ် အင်ဂျင်နီယာများ ပြောကြား

ဗန်ကောက် ဇန်နဝါရီ ၂၁

ဒီဇင်ဘာ ၂၆ ရက်က ဖြစ်ပေါ်ခဲ့သော ဆူနာမီဒီလှိုင်းကြောင့် ဖူးကက်ကျွန်းသည် ပင်လယ်ဘက်ဆီသို့ ပို့ရွေ့သွားဖွယ်ရှိကြောင်း ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်မှ စူးစမ်းလေ့လာရေး အင်ဂျင်နီယာများက ပြောကြားသည်။

အမှန်အားဖြင့် မိမိအနေဖြင့် ဖူးကက်သာမက ငလျင်ကြောင့် အန်ဒမန်ပင်လယ်အနီးရှိကျွန်းအားလုံး နေရာအနေအထားပြောင်းသွားသည်ဟု ပြောရဖို့ရှိကြောင်း၊ ငလျင်နှင့် ဆူနာမီ၏ ဘူမိအကျိုးသက်ရောက်မှုလေ့လာရေးအဖွဲ့ခေါင်းဆောင် အင်ဂျင်နီယာ အစ်သိထရီဆိရီဆာတာဝေါင်က ပြောကြားသည်။ အဆိုပါလေ့လာရေးအဖွဲ့သည် အနောက်တောင်ဘက်သို့ ဖူးကက်ကျွန်း ၁၅ စင်တီမီတာမျှရွေ့သွားဖွယ်ရှိကြောင်းကိုသချာ်ကွန်ပျူတာတွက်ချက်မှုအပေါ် အခြေခံ၍ပြောဆို ခြင်းဖြစ်သည်။

ကုန်းမြေများနှင့် ကျွန်းများ၏ အနေအထားပြောင်းလဲမှုသည် သဘာဝအားဖြင့် တစ်နှစ်လျှင် မီလီမီတာဝက်မျှ ပြောင်းလဲမှုရှိတတ်ကြောင်း၊ သို့သော်ဖော်ပြပါကျွန်း၏ပြောင်းလဲမှုသည် အလွန်ကြီးမားသော ပြောင်းလဲမှုဖြစ်ကြောင်း အစ်သိက ပြောကြားသည်ဟု ဗန်ကောက်ပို့စ် သတင်းစာက ကြာသပတေးနေ့၌ ရေးသားဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



ဗြိတိသျှ လုံခြုံရေးဝန်ထမ်းတစ်ဦး ဘော့ဂ်ီမြို့အနီး ချုံခိုတိုက်ခိုက်ခံရပြီးသေဆုံး

လန်ဒန် ဇန်နဝါရီ ၂၁

ဗြိတိသျှ လုံခြုံရေးဝန်ထမ်းတစ်ဦးသည် အီရတ်နိုင်ငံအလယ်ပိုင်း၌ တိုက်ခိုက်ခံရမှုတစ်ခုတွင် သေဆုံးခဲ့ကြောင်း လန်ဒန်အခြေစိုက် ဂျာနူရှင်း လုံခြုံရေး စီမံအုပ်ချုပ်မှုကုမ္ပဏီက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

အဆိုပါဗြိတိသျှလုံခြုံရေးဝန်ထမ်းသည် ယင်းလုံခြုံရေးကုမ္ပဏီ၌ အလုပ်လုပ်သော အီရတ်တစ်ဦးနှင့်အတူ ယာဉ်နှစ်စီးဖြင့် ခရီးသွားစဉ် ဘော့ဂ်ီမြို့အနီး၌ တိုက်ခိုက်ခြင်းခံရပြီး သေဆုံးခဲ့သည်ဟု လုံခြုံရေးကုမ္ပဏီက ပြောကြားသည်။

ပျောက်ဆုံး

၎င်းတို့၏ ယာဉ်တန်းသည် ၎င်းတို့ ကာကွယ်စောင့်ရှောက်ရသော လျှပ်စစ်ဓာတ်အားရုံအနီး၌ အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများ၏ ချုံခိုတိုက်ခိုက်ခြင်းခံခဲ့ရပြီး တတိယမြောက် ကန်ထရိုက်လုပ်ငန်းရှင်တစ်ဦးဖြစ်သော ဘရာဇီးနိုင်ငံသားတစ်ဦးမှာ တိုက်ခိုက်မှုအတွင်း ပျောက်ဆုံးနေသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကားဗုံးခွဲ

ဘဂ္ဂဒက်မြို့၌ ကားဗုံးခွဲ တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးလုံခြုံရေးတာဝန် ထမ်းဆောင်နေသည်ကို ဇန်နဝါရီ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရန်ကို အမေရိကန်၏ ဝေဖန်စွပ်စွဲချက်များ စိတ်ဓာတ်ရေးရာစစ်ပွဲသာဖြစ်ဟု ခါရာဇီ ပြောကြား

တီဟီရန် ဇန်နဝါရီ ၂၁

အီရန်နိုင်ငံနှင့်ပတ်သက်၍ အမေရိကန်ထိပ်တန်းအရာရှိများ၏ မကြာသေးမီက ဝေဖန်စွပ်စွဲချက်များသည် စိတ်ဓာတ်ရေးရာအရ ဆင်နွှဲသောစစ်ပွဲမျှသာ ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ကမာလ်ခါရာဇီက ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်ဟု အိုင်အာအင်အေသတင်းဌာနက ကြာသပတေးနေ့၌ သတင်းဖော်ပြခဲ့သည်။

အီရန်နိုင်ငံအပေါ် ဩဇာလွှမ်းမိုးနိုင်ရန် ရန်သူနိုင်ငံများသည် စိတ်ဓာတ်ရေးရာအရ အီရန်နိုင်ငံအား ထောင်ချောက်မိရန် ကြိုးစားနေကြကြောင်း၊ အီရန်နိုင်ငံအဖို့ ရန်သူများ၏ လှည့်စားမှုများကို သိနားလည်ရန် အတွေ့အကြုံ အလုံအလောက်ရှိထားပြီးဖြစ်ကြောင်း ယူဂန္ဒာမြို့တော် ကမ်ပါလာ၌ အီရန်နိုင်ငံခြားရေးဝန်ကြီး ကမာလ်ခါရာဇီက ပြောကြားခဲ့သည်။

ကာကွယ်

အီရန်နိုင်ငံသည် ကိုယ်ပိုင်မူဝါဒများအတိုင်း ဆက်လက်သွားမည် ဖြစ်ကြောင်း၊ အီရန်နိုင်ငံ၏ အကျိုးစီးပွားများကို အားနှင့်မာန်နှင့် ကာကွယ်သွားမည်ဖြစ်ကြောင်း ခါရာဇီက ထပ်လောင်း ပြောကြားခဲ့သည်။

အီရန်နိုင်ငံသည် အမေရိကန်၏ မည်သည့်ခြိမ်းခြောက်မှုများကိုမဆို တုံ့ပြန်သွားမည်ဖြစ်သည်။ ထိုကဲ့သို့ မှတ်ချက်များကို အီရန်နိုင်ငံက မည်သည့်အခါကမျှ ကြောက်ရွံ့ခြင်းမရှိခဲ့ဟု ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံသည် အဏုမြူလက်နက်များ လျှို့ဝှက်ထုတ်လုပ်နေကြောင်း အမေရိကန်ပြည်ထောင်စု၏ စွပ်စွဲခြိမ်းခြောက်မှုများကို အီရန်နိုင်ငံက လက်မခံဘဲ အီရန်နိုင်ငံ၏ နျူကလီးယားသုတေသနပြုချက်သည် ငြိမ်းချမ်းရေးအတွက် ဖြစ်ကြောင်း အီရန်နိုင်ငံက ထပ်မံပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

သွေးတိုးမှုတိုင်းတာနိုင်သော လက်ပတ်နာရီ စင်ကာပူ ဆေးကုမ္ပဏီတစ်ခုတီထွင်

စင်ကာပူ ဇန်နဝါရီ ၂၂

နာကျင်ခြင်းမရှိဘဲ ၂၄နာရီပတ်လုံးသွေးတိုးမှုတိုင်းတာနိုင်သော လက်ပတ်နာရီတစ်မျိုးကို စင်ကာပူရှိ ဆေးကုမ္ပဏီတစ်ခုက တီထွင်လိုက်သည်။

လက်ကောက်ဝတ်အတွင်းရှိ သွေးလွှတ်ကြောအထက်နေရာတွင် ပတ်ထားသောနာရီ၏ အောက်ဘက်မျက်နှာပြင်၌ တပ်ဆင်ထားရှိသည့် သေးငယ်သော သွေးတိုးတိုင်းကိရိယာသည် သွေးခုန်မှုကို ဖတ်၍ ရနိုင်သော အချက်အလက်အဖြစ်သို့ ပြောင်းလဲပေးနိုင်သည်ဟု အဆိုပါ ဆေးကုမ္ပဏီက ပြောကြားသည်။ သွေးတိုးမှုဆိုင်ရာ အချက်အလက်သည် သွေးသွားလာလှည့်ပတ်ရာ လမ်းကြောင်း၏ သွေးတိုးမှု၊ သွေးတိုးသည့်ပုံစံနှင့် နှလုံးခုန်နှုန်းတို့ကို ကောက်ယူပေးနိုင်မည်ဖြစ်သည်။

စုစည်းရရှိသော သတင်းအချက်အလက်က လက်ပတ်နာရီပတ်ထားသူသည်လေဖြတ်နိုင်ခြေရှိမရှိကိုဖော်ညွှန်းပေးမည်ဖြစ်သည့်ပြင် နှလုံးနှင့် ဆက်နွှယ်သော ရောဂါများကို အကဲဖြတ်ရာ၌လည်း အထောက်အကူပြုမည်ဖြစ်သည်။

အဆိုပါ သွေးတိုးမှုကို တိုင်းတာနိုင်သော လက်ပတ်နာရီသည် ဆရာဝန်များက ၎င်းတို့လူနာ၏ကျန်းမာရေးအခြေအနေကို ကြိုတင်တွက်ဆရာတွင် လွယ်ကူစေမည်ဖြစ်ပြီး သွေးတိုးမှုကို ၂၄နာရီစောင့်ကြည့်နိုင်ကာ အပတ်စဉ်၊ လစဉ်စစ်ဆေးမှုလုပ်ခြင်းထက် ပို၍တိကျမှုရှိမည်ဖြစ်ကြောင်း ယင်းဆေးကုမ္ပဏီက ပြောကြားသည်။ **(အင်တာနက်)**

✡ **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာ ဝါသနာရှင်အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မန္တလေး ICT Park မှ တာဝန်ရှိသူများ၊ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပညာရှင်များ၊ မြန်မာနိုင်ငံရှိ IT ကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က Bio Matric°စနစ်သုံး၍ စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဝန်းထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားရာတွင် ICT Week° အခမ်းအနားကို MICT Park စတင်ဖွင့်လှစ်ခဲ့သည့် အထိမ်းအမှတ်အဖြစ် နှစ်စဉ်ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလေးနှစ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း။

ယခုနှစ် စတုတ္ထအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ကို ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ ခုနစ်ရက်ကျင်းပမည်ဖြစ်ပြီး ဤရက်သတ္တပတ်တွင် ICT ပြပွဲ၊ ပြခန်းများ၊ Seminar & Workshop°များ၊ ICT ပြိုင်ပွဲများ၊ ICT ကုမ္ပဏီများ၏ Product Presentation°များကို သိုက်သိုက်မြိုက်မြိုက် ကျင်းပသွားမည်ဖြစ်ပါကြောင်း။

ယခုနှစ် ICTပြခန်းများ၌ ဝန်ကြီးဌာန ခုနစ်ခုမှ ပြခန်း ၁၄ ခန်း၊ ပြည်တွင်း ပြည်ပကုမ္ပဏီများမှ ပြခန်း ၁၉၆ ခန်း ပြသကြပြီး ပြခန်းပေါင်း ၂၁၀ ပြသမှာဖြစ်သည့်အတွက် ယခင်နှစ်များထက် သာလွန်စွာပြသနိုင်မည်ဖြစ်ကြောင်း၊ ဤပြခန်းများ၌ ဆက်သွယ်ရေးဆိုင်ရာနည်းပညာပစ္စည်းကိရိယာများ၊ သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများနှင့် နည်းပညာသုံးပစ္စည်းများကို လေ့လာနိုင်သကဲ့သို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အရောင်းပြခန်းများ၊ ICT သင်တန်းများအကြောင်းကိုလည်း လေ့လာနိုင်ကြမည်ဖြစ်ကြောင်း။

အခွင့်အလမ်းကောင်းကြီးဖြစ်

ICT Seminar & Workshop တွင် ဆွေးနွေးမည့် ဆောင်ပုဒ်မှာ Towards an e-Society ဖြစ်ပါကြောင်း၊ နေ့အလိုက်ဟောပြောမည့် ခေါင်းစဉ်များမှာ ပထမနေ့တွင် Toward an e-Society၊ ဒုတိယနေ့တွင် Capacity Building၊ တတိယနေ့တွင် National Language Processing၊ စတုတ္ထနေ့တွင် Outsourcing Opportunities and Challenges နှင့် ပဉ္စမနေ့တွင် Logical Infrastructure ဖြစ်ပါကြောင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် Third Generation Myanmar Software°အကြောင်း Workshop အနေဖြင့် ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဤဟောပြောပွဲနှင့် ဆွေးနွေးပွဲများကို ဇန်နဝါရီ ၂၁ ရက်မှ ၂၆ ရက်အထိ မွန်းလွဲ ၁ နာရီတွင် စတင်ကျင်းပမည်ဖြစ်ကြောင်း၊ ICT° Product Presentation နှင့် စပ်လျဉ်း၍ ICT ကုမ္ပဏီများက ယင်းတို့၏ ICT° Product&Services များကို နေ့စဉ် နံနက် ၉ နာရီတွင် စတင်ဆွေးနွေးတင်ပြကြမည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် ခေတ်မီ ICT°နည်းပညာ၏ လက်တွေ့အသုံးချမှုများကို စိတ်ပါဝင်စားသူတိုင်း လေ့လာနိုင်မည့် အခွင့်အလမ်းကောင်းကြီးဖြစ်ကြောင်း။

ယခင်နှစ်များကဲ့သို့ Network Game° ပြိုင်ပွဲကို အဆင့်နှစ်ဆင့်ခွဲပြီး ကျင်းပပေးမည်ဖြစ်ပြီး ထပ်တိုးကျင်းပမည့် ပြိုင်ပွဲများဖြစ်သည့် °Programming ပြိုင်ပွဲနှင့် Web Development ပြိုင်ပွဲများကို Intermediate နှင့် Advanced Level ဟု နှစ်ဆင့်ခွဲခြား ယှဉ်ပြိုင်စေမည်ဖြစ်ပါကြောင်း။

ရှင်းလင်းတင်ပြ

ယနေ့ အခမ်းအနားသည် မြန်မာနိုင်ငံ၏ ICT ဖွံ့ဖြိုးတိုးတက်မှုကို တစ်မျိုးသားလုံး အတိုင်းအတာဖြင့် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုနှင့် ပုဂ္ဂလိက ပညာရှင်၊ လုပ်ငန်းရှင်များ၏ တက်ကြွသည့်စိတ်ဓာတ်၊ ဝိုင်းဝန်းကြိုးစားမှုများကြောင့် ICT Park စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၀၂ ခုနှစ်မှစ၍ သုံးနှစ်တာခရီး ဖြတ်သန်းပြီးသည့်နောက် မည်ကဲ့သို့ အောင်မြင်မှုများရရှိလာသည်ကို ဤရက်သတ္တပတ်ပြပွဲ၊ ပြခန်းများ၊ ဆွေးနွေးပွဲများနှင့် ပြိုင်ပွဲများက သက်သေခံကြမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် ယခုအခါ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးကဏ္ဍတွင် တည်ငြိမ်အေးချမ်းသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလူမှုအဆောက်အအုံဖြစ်ပေါ်လာရန် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိနေကြောင်း၊ စီးပွားရေးကဏ္ဍတွင်လည်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံ့စီးပွားရေးသည် အရှည်တည်တံ့ခိုင်မြဲသည့် တိုးတက်မှုများ ဖြစ်ထွန်းလာခဲ့ကြောင်း၊ လူမှုရေးကဏ္ဍတွင်လည်း အထူးသဖြင့် ကျန်းမာရေး၊ ပညာရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့တွင် ထူးထူးခြားခြား အောင်မြင်မှုများရရှိခဲ့ကြောင်း။

ဖန်တီးဖော်ဆောင်ပေး

ဤကဲ့သို့ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် အဓိကကျကြောင်း မိမိတို့အနေဖြင့် ခံယူထားပြီးဖြစ်ကြောင်း၊ အိုင်စီတီသည် နေ့စဉ် လူမှုဘဝတွင် မရှိမဖြစ်လိုအပ်ပြီး လူတို့၏ဘဝကို တိုးတက်ပြောင်းလဲနိုင်ကြောင်းကိုလည်း အသိအမှတ်ပြုထားကြောင်း၊ အိုင်စီတီဟုခေါ်သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသည် ကုန်ထုတ်လုပ်မှုနည်းစဉ် ပိုမိုအကျိုးရှိအောင်၊ ထုတ်လုပ်မှုတိုးမြှင့်အောင်၊ ကုန်သွယ်မှုကျယ်ပြန့်လာအောင်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပိုမိုကောင်းမွန်လာအောင် ပံ့ပိုးမှုများ များစွာစွမ်းဆောင်ပေးနိုင်ကြောင်း၊ အိုင်စီတီသည် လူမှုဘဝကို အနာဂတ်တွင် ပိုမိုပြီးတင့်တယ်မြင့်မားလာအောင်လည်း ထောက်ကူပေးနိုင်စွမ်းရှိကြောင်း၊ အိုင်စီတီ၏ တိုးတက်သည့် နည်းပညာများသည် မြန်မာနိုင်ငံကို အမြန်ဆုံးတိုးတက်အောင် ပို့ဆောင်ပေးနိုင်မည့် အရေးပါသော အခွင့်အလမ်းများကို ဖန်တီးဖော်ဆောင်ပေးနိုင်စွမ်းရှိသည်ဟု ယုံကြည်ကြောင်း။

နိုင်ငံတော်အစိုးရသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် သန္နိဋ္ဌာန်ချ ဆောင်ရွက်နေရာတွင် အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍမှကွန်ပျူတာပညာရှင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များနှင့် နိုင်ငံရပ်ခြားမိတ်ဆွေများ၏ ပံ့ပိုးကူညီမှုများကြောင့် မကြာခင်နှစ်များအတွင်း အိုင်စီတီနည်းပညာ လျင်မြန်စွာတိုးတက်လာခဲ့ကြောင်း ယနေ့တွေ့ရှိနေရကြောင်း၊ နိုင်ငံသားအားလုံးသည် အိုင်စီတီဖွံ့ဖြိုးတိုးတက်အောင် အရှိန်မြှင့်ပြီး ရှေ့ဆက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရဘက်ကလည်း မြန်မာနိုင်ငံ၏ အိုင်စီတီဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကနှင့် အများပြည်သူအတွက် ထိရောက်သည့် ပံ့ပိုးမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ အိုင်စီတီဖွံ့ဖြိုးတိုးတက်မှုသည် ထင်ရှားသည့် သာဓကများနှင့် ဖြစ်ထွန်းအောင်မြင်နေသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာတွေ့ရှိရကြောင်း။

ဖွဲ့စည်းနိုင်ခဲ့

အိုင်စီတီတိုးတက်မှုကို စီမံကိန်းဖြင့် စနစ်တကျ ဆောင်ရွက်ခဲ့ရာတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးဥပဒေကို ၁၉၉၆ ခုနှစ်တွင် စတင်ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ ဤဥပဒေအရ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းများကို ၁၉၉၈ ခုနှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ကြောင်း။

အီလက်ထရွန်းနစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ကို ၂၀၀၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့ပြီး အီလက်ထရွန်းနစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြုသည့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် အသင်းများက စနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် မြန်မာနိုင်ငံ အိုင်စီတီဖွံ့ဖြိုးမှုသည် လျင်မြန်ထိရောက်သည့် အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့ခြင်းပင်ဖြစ်ကြောင်း။

စွမ်းဆောင်ပေးလျက်ရှိ

ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုများထဲက ရရှိဖြစ်ထွန်းလာသည့် ထူးခြားသော အကျိုးရလဒ်ကောင်းတစ်ခုမှာ အိုင်စီတီပတ်ခ်များ တည်ဆောက်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မြန်မာအိုင်စီတီပတ်ခ်ကို ၂၀၀၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင်လည်းကောင်း၊ မန္တလေး အိုင်စီတီပတ်ခ်ကို ၂၀၀၃ ခုနှစ် ဩဂုတ်လထဲတွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ဤအိုင်စီတီပတ်ခ်များတွင် Broadband အင်တာနက်နည်းပညာ၊ လုံလောက်သည့် လျှပ်စစ်စွမ်းအားနှင့် အခြားစွမ်းအင်များကို ပံ့ပိုးပေးနိုင်ခြင်းတို့ပေါင်းစည်းပြီး အိုင်စီတီဖွံ့ဖြိုးမှုကို နိုင်ငံတကာအဆင့်တစ်ရပ်ရောက်ရှိအောင် စွမ်းဆောင်ပေးလျက် ရှိကြောင်း။

ဤကဲ့သို့ နိုင်ငံတကာအဆင့်မီသည့် အိုင်စီတီပတ်ခ်များအမြန်ဆုံးဖြစ်ထွန်းပေါ်ပေါက်လာပြီး အောင်အောင်မြင်မြင်ဖြင့် လုပ်ငန်းများလည်ပတ်နေကြသည်ကို တွေ့မြင်ရခြင်းသည် အိုင်စီတီဖွံ့ဖြိုးရေးအတွက် အထူး အားတက်ဖွယ် အခြေခံကောင်းများ ဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း၊ ဤအိုင်စီတီပတ်ခ်များသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ပင်မစီမံကိန်း (ICT Master Plan)၏ တစ်စိတ်တစ်ပိုင်းအဖြစ် တင့်တင့်တယ်တယ်၊ ထည်ထည်ဝါဝါ ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

အဓိကအကောင်အထည်ဖော်

၂၀၀၀ ပြည့်နှစ်ထဲတွင် ပြဋ္ဌာန်းခဲ့သည့် ICT Master Plan သည် အိုင်စီတီဖွံ့ဖြိုးမှု၏ ဦးတည်ချက်များကို စနစ်တကျ လမ်းညွှန်ဦးဆောင်ပေးနိုင်ခဲ့ကြောင်း၊ ဤ ICT Master Plan တွင် ICT အခြေခံအဆောက်အအုံ (ICT Infrastructure) ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ICT ဆိုင်ရာဥပဒေများ ပြည့်စုံစွာ ပြဋ္ဌာန်းနိုင်ရေး၊ ICT ကို ပညာရေးတွင် ထိရောက်စွာ အသုံးပြုနိုင်ရေး၊ အစိုးရနှင့်ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများတွင် ICT ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်စေရေး၊ ICT ကို နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတစ်ခုအဖြစ် ပေါ်ပေါက်လာစေရေး၊ ICT ဆိုင်ရာ ကုန်ပစ္စည်းဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွင် လွတ်လပ်စွာ လုပ်ဆောင်နိုင်ရေးစသည့် ရည်မှန်းချက်လုပ်ငန်းစဉ် ခြောက်ခုကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ဤမူလစီမံချက်ကို ခေတ်နှင့်အညီ ပြုပြင်ရန်လိုအပ်သည့်အတွက် Initiative for ASEAN Integration (IAI) အစီအစဉ်အရ ICT Master Plan ရေးဆွဲရေးစီမံကိန်းကို စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဆိုက်ဘာဥပဒေရေးဆွဲမှု၏ ကျေနပ်ဖွယ်ရာ တိုးတက်မှုတစ်ခုအဖြစ် အီလက်ထရွန်းနစ်ဆက်သွယ်ရေးဥပဒေကို ၂၀၀၄ ခုနှစ်ထဲတွင် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊

စာမျက်နှာ ၇ ကော်လံ ၁

ဖွင့်လှစ်

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ ဖွင့်ပွဲ အခမ်းအနားကို Bio Matric စနစ်သုံး၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာ ပညာဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စတုတ္ထ အကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ရက်သတ္တပတ် – ၂၀၀၅ တွင် ပြသထားသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

ဤဥပဒေသည် e-Government နှင့် e-Commerce အတွက် များစွာ အထောက်အကူဖြစ်စေကြောင်း၊ ဆိုက်ဘာဥပဒေများ မကြာမီကာလအတွင်း ပြည့်ပြည့်စုံစုံ ပြဋ္ဌာန်းနိုင်အောင် ဆက်လက်ဆောင်ရွက်သွားရဦးမည်ဖြစ်ကြောင်း။

အိုင်စီတီစံနှုန်းသတ်မှတ်ရေးလုပ်ငန်းများထဲကတစ်ခုအဖြစ် ကွန်ပျူတာသုံး မြန်မာစာစနစ်ဆိုင်ရာ စံများသတ်မှတ်နိုင်ခဲ့ပြီး ကွန်ပျူတာပေါ်တွင် သုံးနိုင်အောင်လည်း တီထွင်ထားပြီးဖြစ်ကြောင်း၊ ဤစံနှုန်းများသည် ကွန်ပျူတာစနစ်များအချင်းချင်း ပူးတွဲအသုံးချသည့်နေရာတွင် ပိုမိုချောမွေ့ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ICT ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၏ Liberalization လုပ်ငန်းကို အာဆီယံသဘောတူညီချက်များအတိုင်း အကောင်အထည်ဖော်နိုင်အောင်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးနယ်ပယ်နှင့် ICT လူ့စွမ်းအားတိုးတက်ရေးကိုလည်း အိုင်စီတီနည်းပညာဖြင့် အားဖြည့်အထောက်အကူပေးလျက်ရှိကြောင်း၊ အထက်တန်းအဆင့်ကျောင်းများ၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေပြီဖြစ်သည့်အတွက် Multimedia စာသင်ခန်းများ၊ Data Broadcasting စနစ်နှင့် ပညာရေးသုံးအင်ထရာနက်များသည် ICT ကဏ္ဍ၏ ထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်များပင်ဖြစ်ကြောင်း၊ အိုင်စီတီလူ့အရင်းအမြစ်တိုးတက်ရန်အတွက် ကွန်ပျူတာတက္ကသိုလ်နှစ်ခုနှင့် အစိုးရကွန်ပျူတာကောလိပ် ၂၄ ခု ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း၊ အခြားတက္ကသိုလ်များတွင်လည်း ကွန်ပျူတာဒီဂရီသင်တန်းများပို့ချပေးလျက်ရှိနေကြောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများကလည်း အိုင်စီတီစွမ်းအားမြှင့်တင်ရန်နှင့် လူ့အရင်းအမြစ် တိုးတက်ရေးတို့အတွက် ပညာရပ်ဆိုင်ရာသင်တန်းများပို့ချပေးနေပြီး နိုင်ငံအချင်းချင်း အသိအမှတ်ပြု (Cross Certification) စာမေးပွဲများ ကျင်းပပေးလျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

ထူးခြားသည့် ယနေ့အခမ်းအနားတွင် နိုင်ငံတကာမိတ်ဆွေများ၏ တန်ဖိုးရှိသည့် ပူးပေါင်းကူညီခဲ့မှုများကို ထပ်လောင်းအသိအမှတ်ပြု ပြောကြားလိုကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် ဂျပန်၊အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ဤသို့ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာ အိုင်စီတီ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်ဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများနှင့် နိုင်ငံရပ်ခြားမှ လေ့လာသူများအနေဖြင့် ဤပြပွဲကြီးတွင် မြန်မာနိုင်ငံ၏ လက်ရှိအိုင်စီတီ အခြေအနေနှင့် ရှေ့အလားအလာများကို ကောင်းစွာ မှန်းဆသုံးသပ်နိုင်မည်ဖြစ်ကြောင်း၊ အိုင်စီတီကုမ္ပဏီများအနေဖြင့်လည်း မိမိ၏ Products & Services ကို မိတ်ဆက်နိုင်မည့် အခွင့်အလမ်းကောင်းများ များစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ လတ်တလောအိုင်စီတီ ရက်သတ္တပတ်လှုပ်ရှားမှုအတွင်းတွင် "အီလက်ထရွန်းနစ် လူနေမှုစနစ်ဆီ ရှေးရှုလျက်" (Towards an e-Society) ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပရန်နှင့် Programming ပြိုင်ပွဲ၊ Web Development ပြိုင်ပွဲနှင့် Network ပြိုင်ပွဲများကျင်းပရန် စီစဉ်ထားသည်ဟု သိရှိထားကြောင်း၊ ဤဆွေးနွေးပွဲနှင့် ပြိုင်ပွဲများသည် နိုင်ငံအတွင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဗဟုသုတ တိုးပွားစေရန် များစွာအကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အီလက်ထရွန်းနစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့နှင့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့်အသင်းများကို အိုင်စီတီဖွံ့ဖြိုးမှုအတွက် ဆတက်ထမ်းပိုးတိုးပြီး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ရှေးကထက်ပိုမိုပူးပေါင်းပါဝင်ပြီး လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အိုင်စီတီဖွံ့ဖြိုးမှုလုပ်ငန်းများကို ဥပဒေမူဘောင်အတွင်းက အကောင်းဆုံးဖြည့်ဆည်း အားပေးသွားမည်ဆိုသည်ကိုလည်း ထပ်လောင်းပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးသိန်းဦးက စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ် ဂါရဝလက်ဆောင်ကို ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စတုတ္ထအကြိမ် မြန်မာအိုင်စီတီရက်သတ္တပတ် ၂၀၀၅

(ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	-	ICT Product Presentation
၀၉း၀၀-၁၇း၀၀	-	ICT Competitions
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	-	ICT Product Presentation
၀၉း၀၀-၁၇း၀၀	-	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၂း၀၀	-	ICT Product Presentation
၀၉း၀၀-၁၇း၀၀	-	Network Game ပြိုင်ပွဲ
၁၃း၀၀-၁၆း၃၀	-	ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ

ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့

၀၉း၀၀-၁၇း၀၀	-	ICT ပြပွဲ၊ ပြခန်းများ
၀၉း၀၀-၁၇း၀၀	-	Network Game နောက်ဆုံးပြိုင်ပွဲ
၁၃း၀၀-၁၆း၀၀	-	ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း
	-	ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း
	-	အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား

(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်။)

MICT Park၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ ရန်ကုန်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်တွင်းပြည်ပ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော်များသည် စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ ၏ ပြခန်းများနှင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်- ၂၀၀၅ပြပွဲ ဝန်ကြီးဌာနပြခန်းများနှင့် ပုဂ္ဂလိကအိုင်စီတီကုမ္ပဏီပြခန်းများ ခင်းကျင်းပြသ

ရန်ကုန် ဇန်နဝါရီ ၂၃

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ ပြပွဲ အစီအစဉ်များကို ယနေ့နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံဝင်းအတွင်း၌ ဆက်လက်ပြသလျက်ရှိရာ အိုင်စီတီပညာရပ်ကို စိတ်ဝင်စားကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ ကြည့်ရှုလေ့လာကြသည်။

အဆိုပါပြပွဲတွင် ဝန်ကြီးဌာန ပြခန်း ၁၄ ခန်း၊ ပြည်တွင်း ပြည်ပ ကုမ္ပဏီများမှ ပြခန်း ၁၉၆ ခန်းတို့နှင့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာများနှင့် ထုတ်ကုန်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ခင်းကျင်းပြသထားသည်။

ဝန်ကြီးဌာန ပြခန်းများ၌ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က ပြခန်းများ ဖွင့်လှစ်၍ ဝန်ကြီးဌာနအလိုက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ပြသထားသည်။

ထို့ပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပြည်သူများအား ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာတွင် ICT နည်းပညာကို အသုံးပြုဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ Mandalay ICT Park က မန္တလေးမြို့နှင့် အထက်မြန်မာနိုင်ငံမြို့များ၌ ICT နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်မှုများ၊ ICT နည်းပညာ ဆောင်ရွက်ချက်များကိုလည်းကောင်း ခင်းကျင်းပြသထားသည်။

ထို့အတူ ပုဂ္ဂလိက ICT ကုမ္ပဏီများကလည်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုနှင့် ထုတ်လုပ်ဖြန့်ဖြူးသောပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအရောင်းပြခန်းများ ဖွင့်လှစ်ပြသရောင်းချလျက်ရှိကြသည်။အထူးသဖြင့် ICT ကုမ္ပဏီအများစုတို့က e-Government တိုးတက်ဖြစ်ထွန်းရေးဆိုင်ရာ ဆော့ဖ်ဝဲလ်များ၊ ဟာ့ဒ်ဝဲလ်များနှင့် အစီအစဉ်များကို ဦးစားပေးထုတ်လုပ်ဖြန့်ချိလျက်ရှိကြသည်။

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅တွင် IT Product Presentation များကိုပါ ကျင်းပလျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီတွင် MICT Conference Hall ၌ နည်းပညာဟောပြောပွဲဖြစ်သည့် Natural Language Processing ဟောပြောပွဲကို ကျင်းပရာ စိတ်ပါဝင်စားသူများ၊ ကွန်ပျူတာ ပညာသုတေသီများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်လေ့လာ ဆွေးနွေးကြသည်။

ထို့အတူ Programming၊ Web Development နှင့် Network Game ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ Network Gameပြိုင်ပွဲကို MICT Park အဆောက်အအုံ ၇၊ အခန်း ၄ နှင့် ၈ တို့၌လည်းကောင်း၊ Programming နှင့် Web Development ပြိုင်ပွဲများကို အဆောက်အအုံ (၁)ရှိ e-Learning Centre ၌ လည်းကောင်း ကျင်းပလျက်ရှိသည်။ Network Game ပြိုင်ပွဲကို Professional အဆင့်နှင့် Amateur အဆင့် ဟူ၍ နှစ်ဆင့်ခွဲ ကျင်းပမည်ဖြစ်ရာ ယနေ့တွင် Amateur အဆင့်ပြိုင်ပွဲ၏ တတိယနေ့ပွဲစဉ်များကို ဆက်လက်ကျင်းပနေသည်။အဆိုပါ Amateur အဆင့်ပြိုင်ပွဲတွင် Network Game အသင်း ၆၈ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး Professional အဆင့်ပြိုင်ပွဲကို ဇန်နဝါရီ ၂၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။**(သတင်းစဉ်)**

ကြည့်ရှု

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် မြန်မာ အိုင်စီတီ ရက်သတ္တပတ်-၂၀၀၅ တွင် MMG Technologies ပြခန်းအား ကြည့်ရှုစဉ်။

(ဓာတ်ပုံ- MICT DC)

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ ပြပွဲတွင် Intellect Computer Centre ပြခန်း၌ ပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုနေစဉ်။ (က-ပ)

စတုတ္ထအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရက်သတ္တပတ်-၂၀၀၅ ပြပွဲတွင် Lucky Bird Co.,Ltd. ပြခန်း၌ ကွန်ပျူတာ ဆက်စပ်ပစ္စည်းပေါင်း ၂၀၀ ကျော် ခင်းကျင်း ပြသထားရာ လေ့လာကြည့်ရှုသူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

(မြန်မာ့အလင်း)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ညောင်ရွှေမြို့နယ်တွင် စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

ညောင်ရွှေ ဇန်နဝါရီ ၁၂

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရေး ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုး(ပအိုဝ်းကုန်း)ကျေးရွာ၌ လေးလက်မအဝီစိစက်ရေတွင်း တူးဖော်ပြီးစီးခဲ့သဖြင့် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ၃၀ရက် နံနက်၉နာရီက စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်ရွှေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲမွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့အား ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်ကြသည်။**(အောက်ပုံ)**

အဆိုပါစက်ရေတွင်းကို အဖွဲ့က ခွင့်ပြုငွေကျပ် ၁၂၅၀၀၀၀နှင့် ကျေးရွာပြည်သူများထည့်ဝင်ငွေကျပ် ၃၂၀၀၀၀၊ စုစုပေါင်းငွေကျပ် ၁၅၇၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မော်လမြိုင်မြို့နယ်၌ကိုယ့်အားကိုယ်ကိုး ပညာအလင်းစာကြည့် တိုက်ဖွင့် အလှူရှင်များက အလှူငွေနှင့်စာအုပ်၊စာစောင်များ ပေးအပ်လှူဒါန်း

မော်လမြိုင် ဇန်နဝါရီ ၉

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကျောက်တန်းကျေးရွာ ပညာအလင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ရက် မွန်းလွဲ ၁နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မော်လမြိုင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဒေါက်တာတိုးတိုးအောင်နှင့် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးတင်ထွန်းတို့က ပညာအလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က ငွေကျပ် ၂၀၀၀၀၊ ဦးငြိမ်းမောင်မိသားစုက ကျပ် ၅၀၀၀၊ ဦးဝင်းမြတ်မိသားစုကငွေကျပ်၅၀၀၀၊ ဦးဝင်းကို မိသားစုကငွေကျပ်၅၀၀၀၊ ဦးမြင့်လှိုင်မိသားစုကငွေကျပ်၅၀၀၀ နှင့် မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ်၊စာစောင် ၁၁၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

မြဝတီမြို့ မြို့ပြနှင့် ကျေးလက်စည်ပင်လုပ်ငန်းများ စည်ပင်ဒုတိယညွှန်ကြားရေးမှူးချုပ်စစ်ဆေး

မြဝတီ ဇန်နဝါရီ ၁၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်သည် ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့်အတူ ကရင်ပြည်နယ်မြဝတီမြို့သို့ ဇန်နဝါရီ၆ရက်က ရောက်ရှိပြီး မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့ပြနှင့် ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများကို စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄ – ၂၀၀၅ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်၄၃၀၀၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသော ဇေ့ရှမ်း–ပေါ်လောကျေးလက်ကျောက်ချောလမ်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမျိုးအောင်နှင့် အင်ဂျင်နီယာမှူး ဦးစိန်ဝင်းတို့က ရှင်းလင်းတင်ပြသည်။ ထို့နောက် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အဆိုပါလမ်းသည် အရှည်ပေ ၂၃၈၀၊ အကျယ်၁၂ပေရှိကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပိုင် ပျိုးဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပန်းအလှပင်၊ အရိပ်ရပင်များ သတ်မှတ်အရေအတွက် ပြည့်မီအောင် ပျိုးထောင်စိုက်ပျိုးရန် မှာကြားခဲ့သည်။

(မြို့နယ်စည်ပင်)

ဖွံ့ဖြိုး စည်ပင် ကျေးလက် တစ်ခွင်

ကချင်ပြည်နယ် မိုးညှင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် တိုးချဲ့ဆောက်လုပ်လျက်ရှိသော ခုတင်(၁၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။

(၁၅၂)

ပျော်ဘွယ်မြို့တ... စာအုပ်မျိုးစုံနှင့်...

ပျော်ဘွယ်မြို့နယ် ကန်သာကျေး... ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီက အ...

ရှေးဦးစွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ ရမည်းသင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းနှင့် အလှူရှင်ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ ရမည်းသင်းခရိုင်ပြန်ကြား

ကြီးကြပ်ဆောင်ရွက်

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် အထကလမ်းနှစ်ဖာလုံ ကတ္တရာခင်းရန် ကျောက်ကြီးစီခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမိုးဇော်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကြည်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရေးမြို့နယ် စည်ပင်အမှုဆောင်အရာရှိ မြို့ပြလမ်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

ရေး ဇန်နဝါရီ ၁၆

မွန်ပြည်နယ် ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့သည် ဇန်နဝါရီ ၁၃ ရက်က ၂၀၀၄–၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော မြို့ပြလမ်းများ ဖြစ်သည့် ဘုရင်နောင်လမ်းကတ္တရာခင်းခြင်း၊ ဗညားရုံလမ်း ကျောက်ချောခင်းခြင်း၊ လဂွန်းအိမ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း၊ မြကန်သာလမ်း ကျောက်ချောခင်းခြင်းနှင့် ကမ်းနားလမ်း ကျောက်ချောလမ်းလုပ်ငန်း ကျောက်များ စုပုံထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

မတ္တရာမြို့နယ်တွင် ဇီဝဓာတ်ငွေ့ သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်

ငွေကျပ်၅၁သိန်းကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့

မတ္တရာ ဇန်နဝါရီ ၅

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် လွန်တောင်းကျေးရွာတွင် ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ရက် မွန်းလွဲ၁နာရီက အဆိုပါကျေးရွာရှိ စက်ရုံ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က အမှာစကားပြောကြားပြီး ကျေးရွာပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးသောင်းမြင့်ကပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ မြို့နယ်တွဲဖက်အတွင်းရေးမှူးဦးဂျန်၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်တို့က စက်ရုံအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

မီးခလုတ်များဖွင့်ပေး

ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် စက်ရုံအားလှည့်လည်ကြည့်ရှု စစ်ဆေးပြီး မီးခလုတ်များဖွင့်ပေးသည်။ အဆိုပါ လွန်တောင်းကျေးရွာ ဇီဝဓာတ်ငွေ့ သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံကို မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ဆယ်သိန်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်းသုံးသောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကငွေကျပ်တစ်သိန်းငါးသောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးဂျန်က ငွေကျပ်တစ်သိန်း၊ တောင်ပြုန်းကျေးရွာမှ ဦးမျိုးမြင့်က ငွေကျပ်တစ်သိန်း၊ ကျေးရွာပြည်သူများက ငွေကျပ် သုံးဆယ့်ငါးသိန်း စုစုပေါင်း ငွေကျပ် ၅၁သိန်းခြောက်သောင်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လွန်တောင်းကျေးရွာအတွင်း လမ်းမီး၊ အိမ်ထောင်စုသုံးမီး၊ ဘုရား၊ ကျောင်း၊ ဓမ္မာရုံ စုစုပေါင်း မီးချောင်း ၃၇၃ချောင်းနှင့် အိမ်ကြည့်တီဗီ ၁၅ လုံးတို့ကို နေ့စဉ်ညနေ ၆ နာရီမှ ည ၁၀ နာရီ၊ နံနက် ၄ နာရီမှ ၆ နာရီခွဲအထိ မီးသုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရှိသင့်သည်

ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းရှိ ဒီဒူးကုန်းကျေးရွာအုပ်စု လူငယ်ရိပ်သာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ငပုတောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မာလာဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဟန်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဘိုကလေးမြို့နယ် ကျေးရွာစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်ရှင်းလင်း၊ အလှူငွေပေးအပ်လှူဒါန်း

ဘိုကလေး ဇန်နဝါရီ ၁၈

ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာသုတရတနာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက်က အဆိုပါကျေးရွာ စာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးစိုးပိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးခင်စောတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးခင်စောက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘိုကလေးမြို့စိန်သုံးလုံး ငါးလင်ပန်–ငါးရှည်အဝယ်ဒိုင် ဦးအောင်ကြည်–ဒေါ်စန်းမြင့် မိသားစုက ငွေကျပ် ၃၀၀၀၀၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးယုက ငွေကျပ် ၆၀၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးကြည်လွင်က ငွေကျပ် ၃၀၀၀တို့ကို ကျေးရွာဥက္ကဋ္ဌ ဦးစိုးပိုင်သို့ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြို့ကုတ်(ပန်ဆိုင်း)မြို့၌ ယင်းမာလမ်းကတ္တရာခင်း

ကြို့ကုတ်(ပန်ဆိုင်း) ဇန်နဝါရီ ၅

ကြို့ကုတ်(ပန်ဆိုင်း)မြို့ စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ် မြို့ပြလုပ်ငန်းများဖြစ်သော ကတ္တရာနှစ်လမ်း၊ ကျောက်ချောလမ်း တစ်လမ်းကို ခွင့်ပြုရန်ပုံငွေကျပ် ၅၉၆၄၅၀၀ ဖြင့် ဆောင်ရွက်ရန် လျာထားခဲ့ရာ ဒီဇင်ဘာ ၅ရက်က ယင်းမာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးမြင့်သိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဆွေမြင့်ဦးတို့က ကြီးကြပ်ဆောင်ရွက်ပေးသည်။ **(ဝဲပုံ)**

ကြို့ကုတ်(ပန်ဆိုင်း)မြို့ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြလမ်းများဖြစ်သော ခိုင်ရွှေဝါလမ်း ကျောက်ချောလမ်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၃၁၂၅၀၀ ဖြင့်လည်းကောင်း၊ သစ္စာလမ်း(စံပြလမ်း) ကတ္တရာခင်းခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၁၃၁၂၅၀၀ ဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ဆောင်ရွက်ဆဲ ယင်းမာလမ်းသည် ပေ၁၃၅၀ရှည်ပြီး ကတ္တရာလမ်းဖြစ်ပြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၉၁၂၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကျောက်ချောလမ်းပြုပြင်

ပုံပါကျင် ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပုံပါကျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် အောင်မင်္ဂလာကျောက်ချောလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်စိုး၊ လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ကြည်နှင့်အဖွဲ့ ဒီဇင်ဘာ ၂၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်တာဝန်ခံဦးကျော်လွင်က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

...တွင် ကျေးရွာစာကြည့်တိုက်ဖွင့် ...နှင့် ပရိဘောဂများပေးအပ်လှူဒါန်း

ပျော်ဘွယ် ဇန်နဝါရီ ၈

...ကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ...က အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။

...ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းတို့က အမှာစကားများ ပြောကြားကြပြီး အလှူရှင်ဦးကျော်ဝင်းက သုတ၊ ရသ စာအုပ်မျိုးစုံ ၂၆၄အုပ်နှင့် စာကြည့်တိုက်သုံး ပရိဘောဂများ ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က လက်ခံရယူသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေစောမွန်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယက ဒေါ်ကျင်မြတို့က စာအုပ်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ အလှူရှင် ဦးကျော်ဝင်းက စာအုပ်များနှင့် ပရိဘောဂများ ပေးအပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်း ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ထားဝယ်မြို့နယ်တွင် တံတားများဆောက်လုပ်

ထားဝယ် ဇန်နဝါရီ ၂၀

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဇလွန်း (၄မိုင်လမ်းဆုံ)–သပြေချောင်းလမ်း ဖောက်လုပ်ခြင်း အရှည်ပေ ၅၂၈၀၊ အကျယ်၁၈ပေ၊ ပကာရီတံတား ဆောက်လုပ်ခြင်း၊ အရှည်ပေ ၃၀၀၊ အကျယ်၁၂ပေ၊ ပေါက်တိုင်းကျောက်ရပ် တံတားဆောက်လုပ်ခြင်း အရှည် ပေ၆၀၊ အကျယ် ၁၂ပေ လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ဇန်နဝါရီ ၉ရက်က စစ်ကိုင်းတိုင်း ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြေခင်းအလှပြုပြင်ခြင်းနှင့် မြို့အဝင်အဝိုင်းပတ်ပန်းအလှပင် စိုက်ပျိုးခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်နိုင်မြင့်နှင့် စည်ပင်ဝန်ထမ်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးရဲထွဋ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အရည်အသွေးကောင်းသော ပဲပုပ်မျိုးများ တိုးချဲ့စိုက်ပျိုး

မောင်စီးပွား

ပဲပုပ်သည် အာဟာရပြည့်ဝသည့် သီးနှံဖြစ်ပါသည်။ ယနေ့ကမ္ဘာ့နိုင်ငံအများအပြားက ကျန်းမာရေးအတွက် အကောင်းဆုံးအစားအစာတစ်မျိုးအဖြစ် တညီတညွတ်တည်း သတ်မှတ်ခြင်းခံရသော သီးနှံတစ်မျိုးလည်းဖြစ်ပါသည်။ အရည်အသွေး ကောင်းမွန်သော အသားဓာတ် ၅၀ရာခိုင်နှုန်းခန့်နှင့် ဆီ၂၀ ရာခိုင်နှုန်းပါဝင်သော သီးနှံဖြစ်၍ အသားဓာတ်အတွက်ရော၊ စားသုံးဆီထုတ်ယူရရှိရေးအတွက်ပါ အားကိုးအားထားပြုနိုင်သော သီးနှံတစ်မျိုး ဖြစ်ပါသည်။ လူ၊တိရစ္ဆာန်တို့အတွက် မရှိမဖြစ်လိုအပ်သည့် အမိုင်နိုအက်ဆစ်ဓာတ်ကို ပဲပုပ်အသားဓာတ်တွင်တွေ့ရှိရပြီး ပဲပုပ်ဆီမှာလည်း ကမ္ဘာ့ထိပ်တန်းဟင်းသီးဟင်းရွက်ဆီ၊ စားသုံးဆီတစ်မျိုးဖြစ်သည်။ ဆီထုတ်ပြီး ကြိတ်ဖတ်တွင်လည်း အသားဓာတ်ပါ ရှိနေခြင်းကြောင့် တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုနိုင်ပြီး ကမ္ဘာ့ဈေးကွက်တွင်လည်း နိုင်ငံခြားငွေ ရှာဖွေပေးနေသော ပစ္စည်းတစ်မျိုးဖြစ်သည်။ လောလောဆယ်ကမ္ဘာ့ပေါက်ဈေးမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၀၀ခန့် ဈေးပေါက်နေပါသည်။

ပဲပုပ်သည် အာဟာရနှင့်စီးပွားရေးရှုထောင့်အရ တန်ဖိုးရှိ၍ အရေးပါသည့် သီးနှံတစ်ခုဖြစ်သည်။ ပဲပုပ်မှ စားသောက်ကုန်မျိုးစုံ ထုတ်လုပ်နိုင်သည်။ ပဲပုပ်အမှုန့်ကို မုန့်ဖုတ်လုပ်ငန်းများတွင် အသုံးပြုကြပြီး ပေါင်မုန့်၊ ဘီစကွတ်၊ ချိုချဉ်များထုတ်လုပ်ရန်လည်းကောင်း၊ ပဲပုပ်နို့၊ ထောပတ်၊ ဒိန်ချဉ်၊ ရေခဲမုန့်များပြုလုပ်ရန်လည်းကောင်း၊ ပဲပုပ်ကို အချဉ်ဖောက်၍ ငံပြာရည်၊ မိဆော(Miso)၊ တို့ဟူး (Tofu)၊ ပဲပြားခြောက်၊ ပဲပြားအစိုများ ပြုလုပ်ရန်လည်းကောင်း၊ ပဲပုပ်စေ့လှော် သရေစာအဖြစ်လည်းကောင်း၊ ပဲပုပ်စေ့ကို အမှုန့်ကြိတ်၍ ကော်ဖီမှုန့်ပြုလုပ်၍လည်းကောင်း၊ အသားတု၊ ကလေးနို့မှုန့်နှင့်အဖျော်ယမကာ ထုတ်လုပ်ရာတွင်လည်းကောင်း နည်းမျိုးစုံအသုံးပြုလေ့ရှိကြသည်။

ထို့အပြင် ရောင်စုံခဲတံ၊ အလှဆီ၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပုံနှိပ်မင်၊ အိမ်သုတ်ဆေး၊ မိုးရေခံဘိလပ်မြေ၊ လျှပ်ကာပစ္စည်း၊ ဇီဝဒီဇယ်ဆီတို့ ထုတ်လုပ်ရာတွင်လည်းကောင်း အသုံးပြုကြပါသေးသည်။ ပဲပုပ်ဆီ၏ ဘေးထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် လက်ဆီသင်(Lacithin) ဟုခေါ်သည့် ဓာတုပစ္စည်းကို စားသောက်ကုန်လုပ်ငန်းများတွင် သာမက ဆေးဝါးပစ္စည်းများ ထုတ်လုပ်ရန်လည်း အသုံးပြုနိုင်ကြပါသေးသည်။ ကင်ဆာရောဂါကာကွယ်သည့် ဓာတ်ပစ္စည်းများပင်ပါဝင်နေသည်ဟု ယုံကြည်နေသူများလည်းရှိနေပါသည်။

လွန်ခဲ့သော နှစ်ပေါင်း လေးထောင်ခန့်မှစ၍ အာရှတိုက် အရှေ့ပိုင်းနိုင်ငံများဖြစ်သည့် တရုတ်၊ မန်ချူးရီးယား၊ ဂျပန်၊ ကိုရီးယား၊ မလေးရှားတို့သည် အရေးပါသော စားသုံးကုန်တစ်ခုအဖြစ် စားသုံးခဲ့ကြသည်။ တရုတ်နိုင်ငံယဉ်ကျေးမှု၏ အဓိကသီးနှံငါးမျိုးတွင် ပဲပုပ်မှာ တစ်မျိုးအပါအဝင်ဖြစ်ခဲ့သည်။ သမိုင်းကြောင်းအရ တရုတ်နိုင်ငံမြောက်ပိုင်းမှ ကိုရီးယား၊ ထိုမှတစ်ဆင့် ဂျပန်သို့ ပျံ့နှံ့လာခဲ့ခြင်းဖြစ်သည်။ ရုရှား-ဂျပန်စစ်အပြီး ၁၉၀၅ခုနှစ် တစ်ဝိုက်ခန့်တွင် ပဲပုပ်သည် ရုရှားမှတစ်ဆင့် ဥရောပတိုက်သို့ ပျံ့နှံ့လာခဲ့ရပါသည်။ ဥရောပကလည်း အထူးစိတ်ဝင်စားခဲ့သော ပဲသီးနှံတစ်မျိုးဖြစ်ခဲ့ပါသည်။

လောလောဆယ် ကမ္ဘာပေါ်တွင် အမေရိကန်၊ ဘရာဇီး၊ အာဂျင်တီးနား၊ အိန္ဒိယ၊ တရုတ်၊ အီးယူနှင့် ပါရာဂွေးနိုင်ငံများတွင် ပဲပုပ်ကို အများဆုံးစိုက်ပျိုးထုတ်လုပ်နေပြီး ကမ္ဘာ့စိုက်ပျိုးထုတ်လုပ်မှုမှာ တန်ချိန်၁၈၉သန်းရှိနေသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ဘရာဇီး၊ အာဂျင်တီးနားတို့မှ နှစ်စဉ် ပဲပုပ်တန်ချိန် ၁၆သန်းခန့်တင်သွင်းလျက်ရှိသည်။ ပဲပုပ်ကို ကမ္ဘာ့သီးနှံတစ်ရပ်အနေဖြင့် စိုက်ပျိုးထုတ်လုပ်လာကြရာ အထွက်တိုးသည်ထက် တိုးစေရန် မျိုးဗီဇပြုပြင်သည့်နည်းများဖြင့် ပြုပြင်ထုတ်လုပ်ထားသော မျိုးဗီဇပြင် ပဲပုပ်မျိုး (Genetically Modified,GM)များလည်း ကမ္ဘာ့နိုင်ငံအတော်များများတွင် စိုက်ပျိုးထုတ်လုပ်လာကြကြောင်း တွေ့ရှိကြရသည်။

မြန်မာနိုင်ငံတွင် ပဲပုပ်အဓိကစိုက်ပျိုးသည့် ဒေသမှာ ရှမ်းပြည်နယ်ဖြစ်ပြီး တစ်နိုင်ငံလုံး ပဲပုပ်စိုက်ဧက၏ ၅၀ရာခိုင်နှုန်းကို စိုက်ပျိုးနေခြင်းဖြစ်သည်။ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရောဝတီတိုင်း၊ ပဲခူးတိုင်း၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ပဲပုပ် စုစုပေါင်းစိုက်ပျိုးမှုမှာ မြန်မာနိုင်ငံတွင် ပဲမျိုးစုံသီးနှံစိုက်ဧရိယာ၏ ၄၀ရာခိုင်နှုန်းခန့်ရှိနေသည်ကိုတွေ့ရသည်။ ပြည်တွင်းတွင် အဓိကစိုက်ပျိုးနေကြခြင်းမှာ ပြည်တွင်းစားသုံးရန်အတွက် စိုက်ပျိုးနေကြခြင်းဖြစ်သည်။

ပဲပုပ်မျိုးများ မစိုက်ပျိုးမီစိုက်ပျိုးမည့်ဒေသ၊ စိုက်ပျိုးချိန်ရာသီနှင့်ကိုက်ညီမှုရှိ၊ မရှိ စမ်းသပ်စိုက်ပျိုးရွေးချယ်ရန် အထူးလိုအပ်ပါသည်။ မြေနေရာရှိတိုင်း ပဲပုပ်အောင်မြင်ဖြစ်ထွန်းနိုင်ခြင်းမရှိပါ။ ပြည်တွင်းစိုက်ပျိုးရာတွင် စိုက်ပျိုးသည့်မျိုးကွဲများမှုကြောင့် စိုက်ပျိုးသည့်လများလည်း နေရာဒေသကိုလိုက်၍ ကွဲပြားခြားနားလေ့ရှိသည်။ တစ်ဧကအထွက်နှုန်းများမှာ ပျမ်းမျှတင်း ၂၀ခန့်ထွက်ရှိနိုင်သည်။

ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု နည်းပညာတိုးတက်ရေး စီမံကိန်းတစ်ရပ်ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ FAOနှင့်ပူးပေါင်းကာ စူးစမ်းဆောင်ရွက်လျက်ရှိရာ ထိုင်းမှစီပီပဲပုပ်မျိုး၊ တရုတ်(တိုင်ပေ)မျိုးနှင့် အိန္ဒိယမျိုးများကို မျိုးမှာယူ၍ တိုင်းနှင့်ပြည်နယ်များတွင် စမ်းသပ်စိုက်ပျိုးလျက်ရှိသည်။ တရုတ်(တိုင်ပေ) ပဲမျိုးမှာ မြန်မာ့ရေမြေနှင့် ကိုက်ညီသည့်အပြင် ဈေးကွက်ဝင်မည့် အလားအလာကောင်းများလည်း တွေ့ရှိနေရသည်။

ပြည်တွင်းတွင် စိုက်ပျိုးသော ပဲပုပ်များကို ပြည်ပသို့တင်လိုသည်ဆိုပါက ပြည်ပပို့ကုန်အဆင့်မီရန် အထူးလိုအပ်သည်။ အထူးသဖြင့် အလုံးကြီးမျိုးများဖြစ်ရန်လိုအပ်ပါသည်။ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာတိုးတက်ရေး စီမံကိန်းမှ ဖော်ထုတ်တွေ့ရှိချက်အရ ရှမ်းပြည်နယ်'ဟမ်ဆီ'နှင့်'ကျောက်ထပ်' ဒေသတို့တွင် လောလောဆယ် စိုက်ပျိုးထုတ်လုပ်နေသော ပဲပုပ်မျိုးများမှာ ပြည်ပပို့ကုန်အဖြစ် အလားအလာအထူးကောင်းမွန်နေကြောင်း တွေ့ရှိရသည်။ ဟမ်ဆီရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့မှ မွေတော်ကက္ကူဘုရားသွားရာလမ်းပေါ် တွင်တည်ရှိနေပြီး အဆိုပါ ဟမ်ဆီရှမ်းရွာတစ်ရွာလုံးတွင် ပဲပုပ်ရက် ၉၀ဝါကြီးမျိုးသစ်ကို ရွာလုံးကျွတ်စိုက်ပျိုးနေကြသည်။ ဆီပါဝင်မှု (Total Oil Content-TOC)၂၀ရာခိုင်နှုန်း ပါဝင်သော နိုင်ငံခြားဈေးကွက်ဝင် ပဲပုပ်လုံးကြီးမျိုးများ ဖြစ်သည်။ တစ်ဧကတင်း ၅၀ခန့်ထွက်ရှိပြီး စိုက်ဧကမှာ ဧက၈၀၀ခန့်ရှိနေပါသည်။ လေ့လာစူးစမ်းချက်အရ ဟမ်ဆီမျိုးသစ်မှာ ပြည်တွင်းမျိုးမဟုတ်ဘဲ အိမ်နီးချင်း တရုတ်၊ သို့မဟုတ် ထိုင်းနိုင်ငံမှ ဖြစ်နိုင်ချေရှိကြောင်း မှတ်ချက်ပေးထားကြသည်။ အဆိုပါ ဟမ်ဆီပဲပုပ်မျိုးကို မုံရွာဒေသဘက်ဆင်း၍စမ်းသပ်စိုက်ပျိုးကြည့်ရာ အထွက်နှုန်းလည်းကောင်းမွန်ပြီး နိုင်ငံခြားဈေးကွက်တန်းဝင် အရည်အသွေးကောင်းသော ပဲပုပ်များဖြစ်ကြောင်းသိရှိရသည်။

ကလော၊ဟဲဟိုးမြို့နယ် အုပ်စုတွင် ပါဝင်သော ဘော်ဆိုင်းသွား လမ်းပေါ်ရှိ ကျောက်ထပ် ဒေသတွင်လည်း ပဲပုပ်မျိုးသစ်တစ်မျိုးစိုက်ပျိုးနေရာ ပြည်ပပို့ကုန်တန်းဝင် ပဲလုံးကြီးမျိုးများပင် ဖြစ်သည်။ အထွက်နှုန်း တစ်ဧကတင်း ၅၀ နှုန်းခန့်ရှိပြီး စိုက် ဧက ၅၀၀ခန့် စိုက်ပျိုးလျက်ရှိသည်။ ဆီပါဝင်မှုလည်း ဟမ်ဆီမျိုးသစ်ကဲ့သို့ပင် စံချိန်မီကောင်းမွန်သည်။

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အနေဖြင့် ယခုအခါ လားရှိုးပတ်ဝန်းကျင်တစ်ဝိုက်တွင် အခြေပြု၍ တရုတ်မျိုးပဲပုပ်အမျိုးအစားသစ် တစ်မျိုးကို စိုက်ဧက ၆၀မှ ဧက ၅၀၀ခန့်အထိ တိုးမြှင့်စိုက်ပျိုးရန် ဆောင်ရွက်နေကြောင်း သိရသည်။ ယခင်စိုက်ပျိုးနေကျ ထိုင်းနိုင်ငံမျိုးဖြစ်သော GBSထက် အစေ့ပိုကြီးပြီး ရောင်းတန်းဝင် အလုံးလှသော ပဲပုပ်အမျိုးအစားဖြစ်သည်။ ဆီကြိတ်ကောင်းသော ပဲပုပ်မျိုးဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခွင်တွင်မူ ဒေသ ပဲပုပ်ဟု ခေါ်ဝေါ်ကြသော မိုးပဲပုပ်ကို စိုက်ဧက လေးသောင်းရှစ်ထောင်ကျော်စိုက်ပျိုးလျက်ရှိရာ အထွက်တင်းခုနစ်သိန်းကျော်ရရှိရန် ခန့်မှန်းထားသည်။

မိရိုးဖလာ ကျင်းတူးစိုက်ပျိုးသည့် စိုက်ပျိုးနည်းအသုံးပြုခြင်းကြောင့် ပုံမှန်တစ်ဧကလျှင် ပဲပုပ်တင်း ၂၀ခန့်ထွက်ရှိရာမှ လိုင်းစနစ်ချမှတ် အသုံးပြုကာ အစေ့ချစက် (Seeder)များပါ ပြသသုံးစွဲစေခြင်းကြောင့် အထွက်နှုန်းများ တိုးတက်လာခြင်းဟုလည်း ယူဆနိုင်ဖွယ်ရှိသည်။ နိုင်ငံခြားဈေးကွက်ဝင် အထွက်တိုးမျိုးများကို စိုက်ပျိုးနည်းစနစ်မှန်ကန်စွာဖြင့် စိုက်ပျိုးလာကြခြင်းကြောင့် အခြေအနေကောင်းများ တိုးတက်ဖြစ်ထွန်းလာခြင်းဖြစ်သည်။

မြန်မာ့ပဲပုပ်များကို နယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေးတို့ကပါ ပြည်ပသို့ တိုးမြှင့်ရောင်းချရကြောင်းသိရသည်။ မြန်မာ့ပဲပုပ်ကို စင်ကာပူ၊ မလေးရှား၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်နှင့် တောင်ကိုရီးယားတို့က ဝယ်ယူနေကြောင်းသိရသည်။

ပြည်ပနိုင်ငံများက ပဲပုပ်ကို ဝယ်ယူကြသည်ဆိုရာတွင် ပဲပုပ်ကို ပဲသီးနှံအဖြစ် စားသုံးရန် ဝယ်ယူခြင်းထက် ဆီထွက်သီးနှံ(Oil Bearing Crop)အနေဖြင့် ဝယ်ယူနေကြခြင်းမျိုးသာ ဖြစ်သည်။ အလုံးအရွယ်အစားကြီးပြီး ဆီပါဝင်မှုကောင်းသည့် အမျိုးအစားဖြစ်ပါက ပြည်ပဈေးကွက်တွင် သေချာပေါက်ရောင်းတန်းဝင်နိုင်မည်ဖြစ်သည်။ အထွက်နှုန်းကောင်းမွန်ရေးသည် စိုက်ပျိုးထုတ်လုပ်သူများဘက်က ကြိုးပမ်းကြရမည့်ကိစ္စ ဖြစ်ပါသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲ၊ သိန္နီ၊လားရှိုးမြို့နယ်များတွင် ဒေသခံများအနေဖြင့် နီးစပ်ရာမှ မျိုးများကို ၎င်းတို့အစီအစဉ်ဖြင့် ရယူစိုက်ပျိုးနေကြသည်လည်းရှိပါသည်။ မည်သို့ဆိုစေ၊ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ရေးအတွက်ဆိုလျှင် အလုံးလည်းကြီး ဆီထွက်လည်းကောင်းသော ပဲပုပ်မျိုးများကို စိုက်ပျိုးထုတ်လုပ်သွားကြရန် လိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာ့ပဲပုပ်များကိုနယ်စပ်ကုန်သွယ်ရေးနှင့် ပုံမှန်ကုန်သွယ်ရေးတို့ကပါ ပြည်ပသို့ တိုးမြှင့်ရောင်းချရကြောင်း သိရသည်။ မြန်မာ့ပဲပုပ်ကို စင်ကာပူ၊ မလေးရှား၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ ဟောင်ကောင်နှင့် တောင်ကိုရီးယားတို့က ဝယ်ယူနေကြောင်း သိရသည်။

ဇန်နဝါရီ၃ရက်က သန်လျင်မြို့ ဗဟိုအခြေခံပညာမူလတန်းလွန်ကျောင်း နဝရတ်ကျောင်းဆောင်တွင် ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်လှက မြို့နယ်အဆင့် ဘာသာရပ်ထူးချွန်စာမေးပွဲတွင် အင်္ဂလိပ်စာပထမဆုရ စတုတ္ထတန်း ကျောင်းသူ မဇွန်အား ဂုဏ်ပြုဆု ပေးအပ်စဉ်။ (က-ပ)

ရွှေထီးတော်တင်လှူပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် သာယာရေကျော်ရွာ ရွှေသိဒ္ဓိအောင် သာသနာ့အောင်မြေအတွင်းတည်ထားသော စူဠာမဏိလောကချမ်းသာစေတီတော်မြတ် ရွှေထီးတော်တင်လှူပွဲနှင့် မိုးကုတ်ဓမ္မကထိက အရှင်ဝိမလဝံသ (ရွှေသိဒ္ဓိအောင်)အပ်ချုပ်မှူးဆရာတော်၏ ဝိဇာတမွေးနေ့ အလှူမင်္ဂလာပွဲကို ဖေဖော်ဝါရီ၁၃ ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါသာသနာ့အောင်မြေ၌ ကျင်းပမည်ဖြစ်ရာ ဆရာတော်၏ တပည့်ဒါယကာ၊ဒါယိကာမများကြွရောက်ကြရန် စေတီတော်မြတ်နှင့်ရွှေထီးတော် အလှူရှင် ဦးသိန်းထွန်း-ဒေါ်တင်တင်မြင့် (ထွန်းပွဲရုံမိသားစု)က ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ပြာသိုလပြည့်နေ့
(ဥပုသ်နေ့)
၂၄-၁-၂၀၀၅(တနင်္လာနေ့) နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅။ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၈:၁၀ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်

၈:၂၀ ၈။ ဆင်ဖြူရှင်တံတား

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Grammar made Easy

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ Practice in Reading

၁၆:၄၅ ၄။ တေးဂီတအစီအစဉ်

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)

၁၇:၁၅ ၆။ အကပဒေသာ

၁၇:၃၀ ၇။ အတီးပြိုင်ပွဲ

၁၇:၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ

၁၇:၄၀ ၉။ မြန်မာစာ မြန်မာစကား

၁၇:၅၅ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)

၁၈:၀၅ ၁၁။ Discovery

၁၈:၁၀ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၆၁)

၁၈:၃၀ ၁၃။ ညနေခင်းသတင်း

၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၅။ ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ(ဒုတိယနေ့) [နံနက်ပိုင်းအစီအစဉ်] (၁၀-၁၂-၂၀၀၄)

၁၉:၃၀ ၁၆။ **မောင်မြန်မာလျှပ်စစ်စက်ဘီး** (ရီဝေယံ၊ စောနိုင် [ရှမ်းပြည်]၊ ပုလဲဝင်း) ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)

၁၉:၄၅ ၁၇။ တေးဂီတအစီအစဉ်

၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၃၂)

၂၂။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

၂၃။ နောက်တစ်နေ့အစီအစဉ်

၂၄။ အစီအစဉ်ပြီး၏။

ဇန်နဝါရီ ၂၂ ရက်က ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နာယက ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ဒဂုံမြို့နယ် အမှတ်(၂) အ ခြေ ခံ ပညာ အ ထက် တန်းကျောင်း၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော် (ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၂၃

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ဆက်လက်ကျင်းပရာ ပြိုင်ပွဲများမစတင်မီ တာမွေမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူလေးများပါဝင်သော ဘင်ခရာအဖွဲ့များက စစ်ချီတေးများ၊ အလှသရုပ်ဖော်ပြကွက်များဖြင့် စွမ်းရည်ပြဂုဏ်ပြုဖျော်ဖြေကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းနှင့် အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းများ ယှဉ်ပြိုင်ကြသည်။

တီးမှုတ်ယှဉ်ပြိုင်

ထိုသို့ ယှဉ်ပြိုင်ရာတွင် အရှေ့မြောက် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က ဒို့စစ်သည်၊ ရဲသွေးရဲမာန်၊ မျိုးမြန်မာပြည်ရွာ စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့စစ်သည်၊ ရဲသွေးရဲမာန်၊ မျိုးမြန်မာပြည်ရွာ စစ်ချီတေးများဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက ဒို့ရဲ့မြန်မာ့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက မျိုးချစ်ဇာနည်၊ ဒို့ရဲ့မြန်မာ့တပ်မတော်စစ်ချီတေးများဖြင့် လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အလှသရုပ်ပြဖျော်ဖြေကြသည့် တာမွေမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့မှ ဘင်ခရာအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ၊ အမှတ်ပေးအကဲဖြတ်အဖွဲ့များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ မကွေးတိုင်း ညွှန်ကြားရေးမှူးကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၃

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးတိုင်း ညွှန်ကြားရေးမှူးဦးကိုကိုလတ်သည် ဇန်နဝါရီ ၂၀ရက်တွင် မကွေးတိုင်း မကွေးခရိုင်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော နတ်မောက်မြို့နယ်အတွင်းရှိ ၂၀၀၄–၂၀၀၅ခုနှစ် ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး အထောက်အကူပြု စိုင်ဂေါင်းကြိုးဝိုင်း၊ နတ်မောက်ဆည် ရေဝေရေလဲစိုက်ခင်းဧက ၁၃၀၀၊ အခြားစိုက်ခင်းဧက၁၀၀နှင့် ၂၀၀၅–၂၀၀၆ခုနှစ် ပျိုးဥယျာဉ်လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုကြသည်။

ထို့နောက် မကွေးတိုင်းညွှန်ကြားရေးမှူးသည် သက်ဆိုင်ရာ မြို့နယ်တာဝန်ခံအား ပွင့်လင်းရာသီရောက်ပြီဖြစ်၍ စိုက်ခင်းများနှင့် သဘာဝတောများအတွက် မီးကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ ၂၀၀၅–၂၀၀၆ခုနှစ် စိုက်ခင်းများအတွက် ကျင်းတူးခြင်းလုပ်ငန်း၊ ပျိုးဥယျာဉ်လုပ်ငန်းများကို စိုက်ပျိုးရာသီမတိုင်မီ ပြီးစီးအောင် စီမံချက်ချဆောင်ရွက်ရန်၊ မြို့နယ်တာဝန်ခံက မိမိမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အောင်မြင်အောင် အလေးထားဆောင်ရွက်ရန်တို့ကိုမှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၂ ရက်က ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း ဒဂုံမြို့နယ် အမှတ်(၂) အ ခြေ ခံ ပ ညာ အ ထက် တန်းကျောင်း၏ ၂၀၀၃–၂၀၀၄ပညာသင်နှစ် မိဘဆရာ အသင်း နှစ် ပတ် လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ၂၀၀၃–၂၀၀၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်သည့် ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

သမထဝိပဿနာ တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ကျေးရှုးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသ ရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ–အံ့ကြီး)က ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မဗိမာန်တွင် ဖေဖော်ဝါရီ၂ရက်မှ၈ရက်အထိ ညနေ၅နာရီမှ ၆နာရီခွဲအထိ ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက်ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၁)၊ အမှတ်(၁၃) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၃

အေဒီ ၁၅ရာစု စဉ့်ထည်အစိတ်အပိုင်းများ ရန်ကုန်မြို့လယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုတွင် တွေ့ရှိခဲ့၊ မြန်မာ–အိန္ဒိယတိုက်ရိုက်ရေကြောင်းကုန်သွယ်နိုင်ရေး အိန္ဒိယအခြေစိုက်သင်္ဘောလိုင်းတစ်လိုင်း ပြေးဆွဲရန်စီစဉ်နေ၊ မြန်မာ–တရုတ်ပူးပေါင်းကျောက်ငါးစမ်းသပ်မွေးမြူ သင်္ဘောသားများ ကားတင်သွင်းရရန် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်းက ညှိနှိုင်းနေကြောင်းသိရစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

(၆၆)နှစ်အရွယ် တက္ကသိုလ်ပါမောက္ခ ကမ္ဘာ့အသက်အကြီးဆုံးမီးနေသည်ဖြစ်လာ၊ မြို့တော်ဝန်ရုပ်ဖျက်ပြီး ကွင်းဆင်း ပါးပါးလီးနေသော တက္ကစီသမားများကို ဖော်ထုတ်၊ ဆေးလိပ်သောက်ခြင်းကြောင့် ကင်ဆာနီးနွယ်ပရိုတိန်းဓာတ်ကြွ၊ တီဗွီမြင်ကွင်းကို ပိုမိုကြည်လင်ပြတ်သားစေမည့်စက် ဆိုနီကတီထွင်၊ လူသန်း ၅၀၀ကို ဆင်းရဲတွင်းမှ ဆွဲထုတ်ယူမည့် အစီအစဉ် ကုလကြေညာစသည့် နိုင်ငံတကာရေးရာသတင်းများ၊ ဆောင်းပါး သုံးသပ်ချက်များအပြင် ကျန်းမာရေး၊ စီးပွားရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း–၇၀၃၈၁၃ က ဖြန့်ချိထားသည်။ **(က–ပ)**

ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၂၃

ရွှေရတုနှစ်(၅၀)ပြည့် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်း အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ မန္တလေးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင်(က)အုပ်စုမှ မန္တလေးတိုင်းနှင့် မွန်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို မွန်ပြည်နယ်မှ မောင်လှသူက ရရှိသွားသည်။

ပဲခူးဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် (ဂ)အုပ်စုမှ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်က ခုနစ်ဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ရခိုင်ပြည်နယ်မှ ဆလိုင်းကိုအေးက ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် ဇန်နဝါရီ ၂၃

အမျိုးသမီးဆရာဝန်များအဖွဲ့အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့၏ ၂၀၀၄ခုနှစ်နှစ်ပတ်လည်အစည်းအဝေးနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲကို ယနေ့နံနက်က မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက်ခန်းမတွင် ကျင်းပရာ အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်လေးကြီးက သဘာပတိ အမှာစကားပြောကြားသည်။

၂၀၀၄ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို အတွင်းရေးမှူးဒေါက်တာဒေါ်ခင်မာအေးက လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါက်တာယုယုလွင်ကလည်းကောင်း ဖတ်ကြားတင်သွင်းရာ တက်ရောက်လာသော အဖွဲ့ဝင်များက အဆိုပြုထောက်ခံပြီး သဘာပတိက အတည်ပြုပေးကာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးကြသည်။ ဒုတိယပိုင်းတွင် ကလေးအထူးကုဆရာဝန်ကြီးပါမောက္ခ ဒေါ်မြမြအုန်းက ကလေးများတွင်ဖြစ်တတ်သော အရေးပေါ်ရောဂါများအကြောင်းနှင့် နှလုံးရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါ်ချို့လေးမာက နှလုံးရောဂါအကြောင်း သိကောင်းစရာများ ဟောပြောသည်။ အခမ်းအနားသို့ အဖွဲ့နာယကများနှင့် အမျိုးသမီးဆရာဝန် ၁၂၀ တက်ရောက်ကြသည်။ **(၂၅၉)** **(အပေါ်ပုံ)**

သဃ်န်းကျွန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း အမှတ်(၃၈) ၏ ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပရာ ထူးချွန်ဆုရကျောင်းသား မောင်ထက်အောင်လင်းအား ကျောင်းအကျိုးဆောင်အဖွဲ့နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းစိန်က ဆုချီးမြှင့်စဉ်။ (က–ပ)

ကြီးကြပ်ဆောင်ရွက်

ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော တပင်ရွှေထီးလမ်းအရှည် ပေ၉၀၀ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ၂၁ရက်က အမှုဆောင်အရာရှိ ဦးဝင်းဆန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းဝင်းတို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

အမရပူရမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ပြည်သူများ
ကျေးလက်မြေသားလမ်းသစ် စုပေါင်းဖောက်လုပ်၊ အလှူငွေများ ပေးအပ်လှူဒါန်း

မြစ်ငယ် ဇန်နဝါရီ ၁၂

ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကျေးလက်ပြည်သူများစုပေါင်း၍ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂)မှ အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာအုပ်စု မယ်တော်စု ကျေးရွာအထိ အရှည်ပေ ၁၁၀၀၊အကျယ်ပေ၂၀၊ အမြင့်လေးပေရှိ မြေသားလမ်းသစ် ဖောက်လုပ်ပွဲနှင့်အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၈နာရီက မယ်တော်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး(မန္တလေးခရိုင်နယ်မြေတာဝန်ခံ) ဦးကျော်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇေယျတို့ကလမ်းဖောက် လုပ်ရခြင်း၏ရည်ရွယ်ချက်များနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူငွေများပေးအပ်လှူဒါန်းပွဲကျင်းပရာ မယ်တော်စုကျေးရွာမှ အလှူငွေကျပ်၅၅၀၀၀၀၊စက်မှုဇုန်(၂)မှ အလှူရှင်များ ဖြစ်ကြသည့် ဦးအောင်ငြိမ်းက အလှူငွေကျပ် ၇၀၀၀၀၊ ဦးတင်ဝင်းက အလှူငွေကျပ် ၅၀၀၀၀၊ ဦးထွန်းက

အလှူငွေကျပ် ၃၀၀၀၀နှင့် ဦးသန့်ဇင်က အလှူငွေကျပ်၁၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်း ရေးမှူး ဦးကျော်နှင့် မြို့နယ်ဥက္ကဋ္ဌဦးကျော်ဇေယျတို့က လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းအသင်းတွဲဖက်အတွင်းရေးမှူးနှင့်အဖွဲ့သည် လမ်းဖောက် လုပ်မှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။ **(၂၀၉)**

ကျွန်းလှမြို့ တွဲဖက်အလယ်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်

ကျွန်းလှ ဇန်နဝါရီ ၁၀

ကျွန်းလှမြို့နယ် အောင်းပင်ကျေးရွာတွင် ၂၀၀၄-၂၀၀၅ခု ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက် နံနက်က အခြေခံပညာ တွဲဖက်အလယ်တန်းကျောင်း တိုးချဲ့ဆောင်တွင် ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ကျေးရွာဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးစိုးဝင်းတို့က အမှာစကားပြောကြားကြပြီး အလှူရှင် ဦးချစ်ဦး-ဒေါ်မြသိန်း မိသားစုနှင့် ဦးကျော်ဝင်းမိသားစုတို့က ဘက်စုံထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဖျာပုံမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ချောင်း တွင်း လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ဇန်နဝါရီ၆ရက်က စည်ပင် သာ ယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦး ဝင်း မောင်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာအမှုဆောင် အရာရှိ ဦးသက်ပိုင်နှင့်အင်ဂျင်နီယာမှူးဦးဇော်ထွန်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (၁၅၈)

ရေနုတ်မြောင်းတူးဖော်

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့ပေါ်ရှိလမ်းများနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများတူးဖော်ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်ဦးတို့ ဇန်နဝါရီ ၁၃ရက်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ရေဦးမြို့ အထက(၁) ပညာရေးစုံညီပွဲတော်

ရေဦး ဇန်နဝါရီ ၁၂

ရေဦးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ပညာရေး စုံညီပွဲတော်ကို ဇန်နဝါရီ၆ရက်နံနက် ၁၀ နာရီက ကံ့ကော်ဆောင် ခန်းမတွင် ကျင်းပသည်။ပညာရေးစုံညီပွဲတော်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဘိုဆန်းတို့ကအမှာစကားပြောကြားကြပြီး ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်အေးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကမြို့နယ်အဆင့်ဘက်စုံထူးချွန်ဆုရ ဒုတိယတန်းမှ တက္ကသိုလ်ဝင်တန်းအထိကျောင်းသူ ကျောင်းသား ၇၂ဦးနှင့် အားဆုများ ပေးအပ်ချီးမြှင့်ကြကြောင်းသိရသည်။ **(၃၇၈)**

အောင်ပန်းမြို့ ပြည်သာယာဈေး ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

အောင်ပန်း ဇန်နဝါရီ ၂၀

အောင်ပန်းမြို့ ပြည်သာယာဈေး အတွင်းရှိ ပင်မရေမြောင်းရေစီးရေလာ ကောင်းမွန်ရေး၊ ဈေး သန့်ရှင်းရေးနှင့် ရပ်ကွက်ပြည်သူများကျန်းမာရေးကောင်းမွန်စေရေးအတွက် ဇန်နဝါရီ၁၅ရက်က အမှိုက်များဆယ်ယူခြင်းနှင့် ရွှံ့နွံမြေဆွေးများ တူးဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

စုပေါင်းဆောင်ရွက်

စုပေါင်းသန့်ရှင်းရေးအခမ်းအနားတွင် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများနှင့်စည်ပင် သာယာရေးအဖွဲ့ဝန်ထမ်းများ ပါဝင်ဆောင်ရွက်ကြသည်။ **(ယာပုံ)**

အဆိုပါ လုပ်ငန်းစုပေါင်းဆောင်ရွက်မှုကို နယ်မြေခံ တပ်ရင်းမှူး၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် ဦးစီးအရာရှိ ဦးမြလင်းတို့က ကြီးကြပ် ဆောင်ရွက်ပေးကြသည်။ **(၀၉၆)**

လွတ်လပ်ရေးနေ့ဂုဏ်ပြု မိုင်းတုံမြို့တွင်ကျောက်ချောလမ်းဖွင့်

မိုင်းတုံ ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံ မြို့နယ်စည်ပင်သာယာရေး အဖွဲ့က (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသော အားဖြင့် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် မြို့မ ကွက်သစ် ကျောက်ချော လမ်းဖွင့်ပွဲ အခမ်းအနားကိုဒီဇင်ဘာ ၂၈ရက်က အဆိုပါ လမ်း မုခ်ဦးတွင် ကျင်းပရာ ရှမ်းပြည် နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေး အဖွဲ့ ညွှန် ကြား ရေး မှူး ဦးတင်စိုးနှင့် မြို့ နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုး ရေး အသင်း တွဲဖက် အတွင်းရေးမှူး ဦးစိုင်းအောင်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(နယ်စပ်/စည်ပင်)

ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီသမထဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်း နည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံကြီး)က ဒေါပုံမြို့နယ် ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက်တွင် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဧသကပဏ္ဍိတ (ဓမ္မာစရိယအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ဩဝါဒကို ခံယူလျက် ဇန်နဝါရီ၂၆ရက်မှ ဖေဖော်ဝါရီ ၁ရက်အထိ ညနေ၅နာရီမှ ၆နာရီခွဲအထိ ဟောပြော ပို့ချမည်ဖြစ်ရာ မည်သူမဆိုလာရောက် အားထုတ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

မဟာသက္ကျအတုလမာရ်အောင် ငါးထပ်ကြီးဘုရား ဗုဒ္ဓပူဇနီယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

ဗဟန်းမြို့နယ် မဟာသက္ကျအတုလမာရ်အောင် ငါးထပ်ကြီးမြတ်စွာဘုရားကြီး (၁၀၄)နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်နှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီက ငါးထပ်ကြီးဘုရား အာရုံခံတန်ဆောင်းကြီး၌ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတောင်ဆောင် အဘိဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မကွေးဆရာတော်ဘဒ္ဒန္တကုမာရနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ငါးထပ်ကြီးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝါယမနှင့် ဩဝါဒါစရိယဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ငါးထပ်ကြီးဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးဖေ (အငြိမ်းစားသံအမတ်ကြီး)နှင့်ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။ **(အပေါ်ပုံ)**

အခမ်းအနားအပြီးတွင် မြတ်စွာဘုရားအမှူးပြုသည့် ပင့်သံဃာတော် အရှင်မြတ် ၁၀၈ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

(မြန်မာ့အလင်း)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ယနေ့ပြန်လည်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို (၅)ကြိမ်မြောက် အာဆီယံ တိုက်ဂါးဖလား(Tiger Cup)ဘောလုံးပြိုင်ပွဲ မစတင်မီ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၇ရက်ပွဲစဉ်များအပြီး၌ ရပ်နားထားခဲ့ရာ ဇန်နဝါရီ ၂၄ရက်**(ယနေ့)**တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ လက်ကျန်ပွဲစဉ်များကို လှုင်ယဉ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်းနှင့်အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ တစ်နေ့လျှင်နှစ်ပွဲနှုန်းကျင်းပရန် စီစဉ်ထားသည်။

ပွဲဦးထွက်

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ လက်ကျန်ပွဲစဉ်များကို ရေးဆွဲထားပြီးဖြစ်ရာ ဇန်နဝါရီ၂၄ရက် **(ယနေ့)** ညနေပိုင်းတွင် လှုင်ယဉ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် လယ်ယာ/ထွက်ကုန်အသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့် သစ်တောရေးရာအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် အိန္ဒိယဘောလုံးအဖွဲ့ချုပ်ဒိုင်းဘောလုံးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အတွက် အမှတ်ပေးပွဲ သုံးပွဲသာ ကစားရသေးသည်။ ဘဏ္ဍာ/အခွန်အသင်းသည် သုံးပွဲကစား သုံးပွဲနိုင် ကိုးမှတ်ဖြင့်အဆင့်(၈)၌ရပ်တည်နေသည်။

ရပ်တည်မှု

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ၂၀၀၄ခုနှစ် စက်တင်ဘာ၁၄ရက်မှ စတင်ကျင်းပခဲ့ရာ ပွဲစဉ်များ ခေတ္တရပ်နားချိန်တွင် ပွဲစဉ်ပေါင်း၅၄ပွဲ ယှဉ်ပြိုင်ကစားပြီး ဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲ ခေတ္တရပ်နားထားချိန်တွင် သစ်တောရေးရာအသင်းက ခုနစ်ပွဲကစား ခြောက်ပွဲနိုင်၊ တစ်ပွဲရှုံး၁၈မှတ်ရရှိပြီး အမှတ်ပေးဇယားထိပ်ဆုံး၌ရပ်တည်လျက်ရှိသည်။

စီးပွား/ကူးသန်း အသင်းက ခြောက်ပွဲကစား ၁၆မှတ်၊ ဆောက်လုပ်ရေး အသင်းက ခုနစ်ပွဲကစား ၁၆မှတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ရှစ်ပွဲကစား ၁၆မှတ် ရရှိထားကြသည်။ သုံးသင်းစလုံး ၁၆မှတ်စီ တူညီနေကြသော်လည်း ဂိုးကွာခြားချက်အရ စီးပွား/ကူးသန်းအသင်းက ဒုတိယ၊ ဆောက်လုပ်ရေးအသင်းက တတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စတုတ္ထရရှိနေကြသည်။

မြို့တော်စည်ပင်အသင်းက ရှစ်ပွဲကစား၁၄မှတ်၊ ပို့ဆောင်ရေးအသင်းက ရှစ်ပွဲကစား ၁၄မှတ်၊ လယ်ယာထွက်ကုန်အသင်းက ခုနစ်ပွဲကစား ၁၀မှတ်၊ ဘဏ္ဍာ/အခွန်အသင်းက သုံးပွဲကစား ၉မှတ်၊ တံခွန်အသင်းက ခြောက်ပွဲကစား ၉မှတ်၊ စွမ်းအင်အသင်းက ခုနစ်ပွဲကစား ၈မှတ်၊ ပြည်ထဲရေးအသင်းက ခုနစ်ပွဲကစား ၈မှတ်၊ ကမ္ဘောဇအသင်းက ခြောက်ပွဲ ၆မှတ်၊ လယ်ယာ/ဆည်မြောင်းအသင်းက ခြောက်ပွဲကစား ၆မှတ်၊ တပ်မတော်(ကြည်း)အသင်းက ခုနစ်ပွဲကစား ၅မှတ် အသီးသီးရရှိထားကြသည်။

ပတ္တမြားနဂါးအသင်းက ခုနစ်ပွဲကစား ခုနစ်ပွဲရှုံး၊ မလိခအသင်းက ခြောက်ပွဲကစား ခြောက်ပွဲရှုံး အမှတ်မရသေးဘဲ အမှတ်ပေးဇယားအောက်ဆုံး၌ရပ်တည်နေကြသည်။ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ၁၆သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ တစ်သင်းလျှင် ၁၅ပွဲစီ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၁၅)နှင့်အဆင့်(၁၆) ရရှိကြသော အသင်းများသည် လာမည့်ဘောလုံးရာသီ၌ ပထမတန်းသို့ ဆင်းကြရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အင်ဒိုနီးရှားနိုင်ငံ၌ ဖေဖော်ဝါရီ၆ရက်မှ ၁၃ရက်အထိ ကျင်းပမည့် Bang Yos ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို အားကစားသမား ၂၂ဦးဖြင့် ရွေးချယ်ဖွဲ့စည်းထားသည်။ အဆိုပါမြန်မာ့လက်ရွေးစင် ဘောလုံးသမား ၂၂ဦးကိုဇန်နဝါရီ ၂၄ရက်မှစတင်၍ စခန်းသွင်း လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ရာ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်များ၌ မိခင်ကလပ်အသင်းများနှင့်အတူ ပါဝင်ကစားခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၌ ပါဝင်လျက်ရှိသော အားကစားသမားများမှာ **(ဂိုး)** အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ဇော်မိုးထက်(စီးပွား/ကူးသန်း)၊ **(နောက်တန်း)** ဇော်ထက်အောင်၊ ကျော်ခိုင်ဝင်း (စွမ်းအင်)၊ ဝင်းမင်းထွဋ်၊ ကျော်ဇေယျာမင်း (ပို့ဆောင်ရေး)၊ အောင်ကျော်မြင့် (ဘဏ္ဍာ/အခွန်)၊ ဇော်လင်းထွန်း(၁) (ပြည်ထဲရေး)၊ အောင်ဝင်းနိုင် (ခ) အောင်ဇော်မျိုး (မြို့တော်စည်ပင်)၊ ချမ်းချမ်း(စီးပွား/ကူးသန်း)၊ **(အလယ်တန်း)** စိုးမြတ်မင်း၊ အောင်ကျော်မိုး၊ ထွန်းထွန်းဝင်း၊ခင်မောင်ထွန်း(ဘဏ္ဍာ/အခွန်)၊မျိုးမင်းထွန်း၊ဘိုဘိုအောင်၊မာလ (စီးပွား/ကူးသန်း)၊ လာကျဲအိုလွယ် (ဆောက်လုပ်ရေး)၊ **(ရှေ့တန်း)** ရန်ပိုင်၊ ဇော်ထိုက်(ဘဏ္ဍာ/အခွန်)၊ ဇော်ဇော် (မြို့တော်စည်ပင်)နှင့် ဆန်းဒေးသိန်း (ဆောက်လုပ်ရေး)တို့ ဖြစ်ကြသည်။

ဆုကြေးပါဝင်

၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ၌ပထမဆုရရှိသော အသင်းအား ဆုကြေးငွေကျပ်သိန်း၆၀၊ ဒုတိယဆုရရှိသော အသင်းအား ဆုကြေးငွေကျပ် သိန်း၄၀ချီးမြှင့်မည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

အလက(၃)ဒဂုံမြတ်ဆရာပူဇော်ပွဲ ကျင်းပရေးညှိနှိုင်း

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း ၁၉၆၆-၆၇ ပညာသင်နှစ်မှ ၂၀၀၃-၀၄ ပညာသင်နှစ်အထိ ကျောင်းသားဟောင်းကြီးများနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မျိုးဆက်သစ်ကျောင်းသား ညီငယ်ညီမငယ်များ၏ '၂၀၀၅ခုနှစ် မြတ်ဆရာပူဇော်ပွဲ' ကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ၁၉ရက် မွန်းတည့်၁၂နာရီက သီရိမင်္ဂလာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်မော်ကွန်းထိန်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

၂၀၀၅ခုနှစ် မြတ်ဆရာပူဇော်ပွဲနှင့်စပ်လျဉ်း၍ လက်ရှိကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်း ဖုန်း-၂၈၉၃၂၆၊ကျောင်းသားဟောင်းအလယ်တန်းပြ ဒေါ်လှလှဝင်း(၁၉၆၆/၆၇-၁၉၇၄/၇၈)၊ ဒေါ်အေးအေးသစ်(ငြိမ်း) နှင့်ဒေါ်မြမြဝင်း (ငြိမ်း)၊ ဆရာကြီးဟောင်းများဖြစ်ကြသော ဦးဝေလင်း ဖုန်း-၅၄၅၉၁၀၊ ဦးစံဖေ ဖုန်း-၃၈၁၄၄၁၊ အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင်စိုးတင့် ဖုန်း-၅၂၅၉၉၅ မှတစ်ဆင့်ဦးသန်းရွှေ၊ ကျောင်းသားဟောင်းကြီးများဖြစ်ကြသော ဆရာဝန်ကြီး (ဦးနောက်နှင့်အာရုံကြောဆေးရုံကြီး) ဖုန်း-၀၉-၈၀-၂၁၂၁၇၊ ၃၈၃၄၈၁၊ဦးကျော်စိန်(ခ)မောင်ကောင်း၊ ဦးကျော်စိုး(ဒေးဗစ်ချမ်း)၊ ဦးဌေးလင်း (ရွှေဂုံတိုင်)တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှား အားကစား

ပရီမီးယားလိဂ်ချယ်လ်ဆီး ဦးဆောင်နေဆဲ ကျန်အသင်းများကို ၁၁မှတ်ခွာ၍ ချန်ထား

လန်ဒန် ဇန်နဝါရီ ၂၃

အင်္ဂလိပ်ပရီမီးယားလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၄)ကို စနေနေ့က ကျင်းပခဲ့ရာ ချယ်လ်ဆီးအသင်းက အိမ်ကွင်းတွင် ပို့စ်မောက်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ၁၁မှတ်အသာဖြင့် တန်းစီဇယား၌ ဆက်လက်ဦးဆောင်နေဆဲဖြစ်သည်။

ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးများကို ဒရော့ဘာက နှစ်ဂိုး၊ ရော့ဘင်က တစ်ဂိုးသွင်းပေးခဲ့သည်။ ချယ်လ်ဆီးအသင်းသည် နှစ်၅၀အတွင်း ပရီမီးယားလိဂ်ဖလားကိုရယူရန် ရေပန်းစားလျက်ရှိသည်။

ချယ်လ်ဆီးအသင်းအတွက် တတိယမြောက်ဂိုးကို ဒရော့ဘာက အလွတ်တည်ကန်ဘောမှ ဉာဏ်သို့သွင်းယူခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

မန်ချက်စတာယူနိုက်တက်အသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် မန်ယူက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ မန်ယူအတွက် အနိုင်ဂိုးများကို ရိုနာလ်ဒို၊ ဆာဟာနှင့်ပေါလ်စခိုးလ်တို့က သွင်းယူခဲ့ကြသည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် ရမှတ်၅၀ဖြင့် တတိယနေရာမှ လိုက်နေသည်။

အာဆင်နယ်အသင်းသည် ယခင်အပတ်က ဘော်လ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး တနင်္ဂနွေနေ့ည ပွဲစဉ်တွင် နယူးကာဆယ်ကို တစ်ဂိုးအသာဖြင့်နိုင်၍ ၅၁မှတ်ရကာ ဒုတိယနေရာ၌ ဆက်လက်ရပ်တည်နေသည်။

အယ်ဗာတန်အသင်းသည် ချာလ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။ တစ်လုံးတည်းဖြင့် ကပ်နိုင်လေ့ရှိသော အယ်ဗာတန်တို့သည် ရှုံးပွဲများဆက်နေမှုကြောင့် ထိပ်ဆုံးရောက်အသင်းများနှင့် အလှမ်းဝေး၍ လာခဲ့သည်။

ဆောက်သမ်ပတန်အသင်းနှင့် လီဗာပူးအသင်းတို့ယှဉ်ပြိုင်ကစားကြရာတွင် ဆောက်သမ်ပတန်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ဆောက်သမ်ပတန်အသင်းအတွက် အနိုင်ဂိုးများကို ပရွတ်တွန်နှင့်ခရောင့်တို့က သွင်းပေးခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်များ

ဝက်စ်ဘရွန်း ၂-၀ မန်စီးတီး
ဘာမင်ဂမ် ၁-၂ ဖူဟမ်
ခရစ္စတယ်ပဲလေ့စ် ၃-၀ တော့တင်ဟမ်
နော့ဝှစ် ၄-၄ မစ်ဒယ်ဘရော့

(အင်တာနက်)

ရိုးရာအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်၏ (၁/၂၀၀၅) အလုပ်အမှုဆောင် အစည်းအဝေးကို ဇန်နဝါရီ ၅ရက် မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းအောက်ထပ်ရှိ အဖွဲ့ချုပ်ရုံး ခန်းမ၌ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ အဂ္ဂမဟာသီရိ သုဓမ္မသိင်္ဂီ လူမှုထူးချွန် (ပထမဆင့်) ဒေါ်မိမိခင်က အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေး၌ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် ဖိလစ်ပိုင်၌ ကျင်းပမည့်(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရိုးရာလက်ဝှေ့ ပါဝင်ယှဉ်ပြိုင်ရေးနှင့်၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာ လက်ဝှေ့အမှတ်ပေး (လူသစ်တန်း) ပြိုင်ပွဲနှင့် (ခ) အဆင့် လက်ဝှေ့ ပြိုင်ပွဲများနှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမည်ပြောင်း

ဦးသာအေး၏သမီး ဆေးတက္ကသိုလ်(၁)ဒုတိယနှစ်မှ မမေခိုင်စိုး ၁၂/ကမရ (နိုင်) ၀၅၆၄၄၉ အား မအေးသီရိအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးသီရိအောင်။**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ကျိုက်ထိုမြို့ မွန်ပြည်နယ်
ကြေညာချက်

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ၂၀၀၄-၂၀၀၅ခုနှစ် ဘုရားပွဲတော်ကာလတွင် သိမ်းဆည်းထားသည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ၂၆-၁-၂၀၀၅ရက် ရုံးချိန်အတွင်း ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံး ကင်မွန်းစခန်း၌ တင်ဒါလက်ခံမည်ဖြစ်ပြီး ၂၇-၁-၂၀၀၅ရက် နံနက် ၁၁ နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါရောင်းချမည့်ပစ္စည်းများ

၁။ ရွှေလှောင်စက္ကူ(မွေခွံအိတ်)ဖြင့် - ၁၀၃ အိတ်
၂။ ကြောင်ချေးသုတ်ဖတ်(မွေခွံအိတ်)ဖြင့် - ၁/၂ အိတ်
၃။ ကံမြေ (မွေခွံအိတ်)ဖြင့် - ၃၇ အိတ်

ကျိုက်ထီးရိုးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
ကင်မွန်းစခန်း။

လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅)ဖြင့်
သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်
ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှင်းခြင်းခံရသော
သုဓမ္မမဏိဇောတဓရ ဦးမောင်လှ [ဥက္ကဋ္ဌ၊ ပုလောမြို့နယ်အသင်း(ရန်ကုန်)] အတွက်
လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါသည်။

ဆက်လက်၍ တိုင်းပြည်နှင့်လူမျိုးအကျိုး၊ သာသနာအကျိုး၊ ပုလောမြို့နယ်သူ မြို့နယ်သားများနှင့် ပုလောမြို့နယ်အသင်း၏အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

နာယက၊အမှုဆောင်အဖွဲ့ ပုလောအဝေးရောက် | **နာယက၊အမှုဆောင်အဖွဲ့ မြိတ်အဝေးရောက်** | **နာယက၊အမှုဆောင်အဖွဲ့ ပုလောမြို့နယ်အသင်း(ရန်ကုန်)**

သဲအင်းဂူနှစ်ရက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းတောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီး၏ သားတပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ(မိဂလုံ)သည်ခန္ဓာကိုယ်တွေ့ သမထ ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းပွဲကို ဇန်နဝါရီ ၃၁ရက်မှ ဖေဖော်ဝါရီ ၆ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများအား အခမဲ့အဓိဋ္ဌာန်ဖြစ်၍ ဇန်နဝါရီ၃၀ ရက် ညနေအရောက် လာရောက်ကြရန်နှင့် အာဟာရဒါနလှူဒါန်းလိုသူများ ဓမ္မရောင်ခြည်သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေ ဦးဟုတ်ကြည်(အားမာန်စက်မှုလက်မှု)နှင့် မေမေ ဒေါ်ဝင်းဝင်းမော်(ဒေါ်ဝင်းနု)တို့၏ ၂၄-၁-၂၀၀၅ရက်တွင်ကျရောက်သော (၂၅)နှစ်မြောက်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သားတို့ သမီးတို့နှင့်အတူ ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

သားကြီး – **မောင်မင်းစိုး(Assistance Eng: Infinion Co.,Ltd. Singapore)**
သားငယ် – **မောင်အောင်ဇော်လင်း (Assistance Eng: Stats Chip ˚Ac Ltd. Singapore)**
သမီးကြီး – **မြတ်စုနိုင် B.A (Bussiness Law) C.H.R.D 3rd Year (Law) U.D.E**
သမီးငယ် – **မြတ်ယုနိုင် B.A (Bussiness Law) C.H.R.D 3rd Year (Law) U.D.E**
တူလေး – **ကျော်သူရိန် (B.Sc Bot:)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

အမေရိကန်နိုင်ငံ Washington, DC. နေ
ဦးလှဝင်း-ဒေါ်နီလာညွန့်ဝင်းတို့၏
တစ်ဦးတည်းသောသား
မောင်မြတ်သက်ဝင်း (B.A, Art History)
Japan Society for the Promotion of Science
နှင့်
ရန်ကုန်မြို့နေ
ဦးလကျ်ာအောင်(ညွှန်ကြားရေးမှူး၊သစ်တောဦးစီးဌာန၊သစ်တောရေးရာဝန်ကြီးဌာန)-
ဒေါ်သိင်္ဂီထွန်းရွှေတို့၏သမီးကြီး
မစုလကျ်ာ (Second Year-Eco)
Su Collection Gems and Jewellery, Gems Museum
တို့ကို ၁၅-၁-၂၀၀၅ရက်(စနေနေ့)တွင် Sedona Hotel, Mindon ခန်းမ၌
ဂုဏ်သရေရှိလူကြီးမိဘများရှေ့မှောက်တွင်
စေ့စပ်ကြောင်းလမ်းပြီးဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မြတ်သက်ဝင်း-မစုလကျ်ာ။

အတုလာဓိပတိမဟာမုနိသကျကိုးထပ်ကြီးဘုရား နှစ်တစ်ရာပြည့် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီး၏ နှစ်တစ်ရာပြည့် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ ဖေဖော်ဝါရီ ၇ရက်နှင့် ၈ရက်မွန်းလွဲ ၁နာရီမှ ည၇နာရီအထိ ဓမ္မပူဇာတေးဖြင့် ဖျော်ဖြေမှုတွင် အဆိုတော်များက သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၉ရက်မှ ၁၁ရက်အထိ ခြင်းလုံးခတ်ပြိုင်ပွဲ၊ ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)တွင် မွန်းတည့် ၁၂နာရီမှစ၍ မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ဖျော်ဖြေမှုတွင် အင်းစိန်တက်သစ်စ ဖိုးလပြည့်ခြင်းအဖွဲ့၊ မော်ကျွန်းဖိုးထောင်နှင့် မော်လမြိုင်ဝင်းဇော်တို့အဖွဲ့၊ မကွေးတင်တင်လင်း ခြင်းအဖွဲ့နှင့်၊ မြောက်ဥက္ကလာပ ပြင်သစ်ပြန် ဇာဏီမယ်ဖြူဖြူဝင်း ခြင်းအဖွဲ့နှင့် မြောက်ဒဂုံက ရွှေပညာရှင် ဦးအုန်းမြင့်တို့အဖွဲ့များက အလှခတ်ပြ ဖျော်ဖြေကြမည်ဖြစ်သည်။

ဆက်လက်၍ ဖေဖော်ဝါရီ ၁၃ရက်မှ ၁၉ရက်အထိ အသံမစဲမဟာပဋ္ဌာန်းပူဇော်ရွတ်ဖတ်ကြပြီး ၂၀ရက် မွန်းလွဲ ၂နာရီမှစ၍ နှစ်၁၀၀ပြည့် ဗုဒ္ဓပူဇနီယပွဲတော်အောင်ပွဲအဖြစ် ဘုရားအမှူးပြု၍ သံဃာတော်အပါး ၁၀၀တို့အား မြို့နယ်အသီးသီးမှ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းများ၊ ဝတ်အဖွဲ့များ၊ စေတနာရှင်ပြည်သူများစုပေါင်း၍ သတ်မှတ်နေရာများတွင် ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်သည်။ လှူဒါန်းလိုသူများ ကြိုတင်ဆက်သွယ်လှူဒါန်းလိုပါက ဂေါပကအဖွဲ့ရုံး ဖုန်း-၅၁၀၆၆၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၂၉)

မီးသုံးစွဲလျှင် အသိယှဉ်
အစဉ်သတိ အမြဲရှိ

အမြန်ဆက်သွယ်ပါ

အဖေ ဦးသန်းညွန့်၊ ညီမလေး သန္တာဖြူနဲ့ သားငယ် မင်းသန့်ပိုင်တို့ ရောက်ရာအရပ်က အမြန်ဆက်သွယ်ပါ။ မိသားစုအားလုံး စိတ်ပူနေ၍ အမြန်ပြန်လာပါ။

ကိုစိုးပိုင်။



ဇန်နဝါရီ ၂၃ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)ဝိုင်း ပါရမီကျောင်းတိုက် အောင်နန်းတော်ကျောင်းဆရာတော် ဘဒ္ဒန္တ သာသန (သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ)နှင့် မြို့နယ်ပညာရေးမှူး ဒေါ်စိန်စိန်တို့ ဦးစီးကျင်းပသော ဇမ္ဗူရတနာ ယဉ်ကျေးလိမ္မာမင်္ဂလာသင်တန်း(တောင်ဥက္ကလာ)ဒုတိယအကြိမ်မြောက် ၂၀၀၄-၂၀၀၅ပညာသင်နှစ် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ထူးချွန်အောင်မြင် ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို အထက(၁)သီရိရတနာခန်းမတွင် ကျင်းပရာ ဒုတိယအဆင့် ပထမရွှေတံဆိပ်ဆုရ မခိုင်ညီသင်းအား မြို့နယ်ပညာရေးမှူး ဒေါ်စိန်စိန်ကဆုချီးမြှင့်စဉ်။ (၁၉၂)

သန်လျင်မြို့ မြို့ဟောင်းအလက ပညာရေးစုံညီပွဲတော် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုပြခန်းများအား ဇန်နဝါရီ ၃ရက်က မြို့နယ်ပညာရေးမှူး ဒေါ်စန်းနုနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းက ရှင်းလင်းပြသစဉ်။ (ခရိုင်ပြန်/ဆက်)

ဟိုပုံးမြို့နယ် ကျောင်းလွယ်ရွာအဝင် ကျောက်ချောလမ်းသစ်ဖွင့် ကျေးရွာနေပြည်သူများ မြို့နှင့်အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီ

ဟိုပုံး ဇန်နဝါရီ ၁၄

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ကျောင်းလွယ်ရွာအဝင် ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ရက်က ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းထွန်းဇော်က ကျောင်းလွယ်ကျေးလက် ကျောက်ချောလမ်းခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအေးခိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦး၊ အမှုဆောင်အရာရှိ ဦးသောင်းထွန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(ယာပုံ)** လမ်းကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းမှာ လမ်းအရှည်ပေ ၁၄၆၀၊ အကျယ် ၁၀ပေဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၁၉သိန်း အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလမ်းပြီးစီးသွားသည့်အတွက် ကျေးလက်နေပြည်သူများ မြို့နှင့်ဆက်သွယ်သွားလာရာတွင် အလွယ်တကူ သွားရောက်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဆင်ပေါင်ဝဲမြို့နယ်တွင် အလှူရှင် စက်ရေတွင်းဖွင့် တစ်နာရီ ရေထွက်နှုန်း ဂါလန် ၈၀၀ထွက်ရှိ

ဆင်ပေါင်ဝဲ ဇန်နဝါရီ ၁၄

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် မကြီးကုန်းကျေးရွာ၌ နှစ်လက်မ အလှူရှင် စက်ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

အဆိုပါစက်ရေတွင်းကို အလှူရှင် ဦးတင်မောင်မြင့်-ဒေါ်တင်တင်နွယ် (ရေ့အင်အားကုမ္ပဏီ)က လှူဒါန်းငွေကျပ် ၁၂၅၀၀၀၀ဖြင့် ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တူးဖော်ခဲ့ပြီး တစ်နာရီရေထွက်နှုန်းဂါလန် ၈၀၀ထွက်ရှိကာ ကျေးရွာပြည်သူ ၆၀၇ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဓမ္မရက္ခိတကျောင်းလမ်း ကျောက်ချောခင်း

ဝိုင်းမော် ဇန်နဝါရီ ၁၂

ကျေးလက်ဒေသနေ ပြည်သူများ သွားလာမှု လွယ်ကူစေရေးအတွက် ကချင်ပြည်နယ်ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မိုင်းနားကျေးရွာအုပ်စု ဓမ္မရက္ခိတကျောင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဌေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမျိုးဝင်းတို့က အဆိုပါလုပ်ငန်းခွင်သို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အဆိုပါ ဓမ္မရက္ခိတကျောင်းလမ်းသည် အရှည်ပေ၁၂၀၀၊အကျယ် ၁၂ပေရှိပြီး ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ငွေကျပ်၂၄သိန်းအကုန်အကျခံ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **(၄၁၆)**

ကောလင်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးမှူး ကျေးလက်စာကြည့်တိုက်များအတွက် ဂျာနယ်မျိုးစုံလှူဒါန်း

ကောလင်း ဇန်နဝါရီ ၁၀

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ကျေးလက်ဒေသစာကြည့်တိုက်များအတွက်ဂျာနယ် မျိုးစုံပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၃ရက်က မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးခန်းတွင် ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး နိုင်ငံတကာ၊ အားကစားဂျာနယ် စာအုပ်၁၈၀နှင့် ဂျာနယ်စာအုပ်မျိုးစုံ၂၅၀ကို မြို့နယ်ဦးစီးအရာရှိ ဦးစိန်မြင့်သို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

(၀၂၆)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ခနဲဖြူမြို့တွင် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ လှူဒါန်း

ခနဲဖြူ ဇန်နဝါရီ ၅

ခနဲဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက်စာအုပ်၊စာစောင်များလှူဒါန်းပွဲကို ဒီဇင်ဘာ ၂၂ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

စာအုပ်လှူဒါန်းပွဲတွင် အလှူရှင်များဖြစ်ကြသော နှင်းအဥ္စလီ စားသောက်ဆိုင်ပိုင်ရှင် ဦးညွန့်တင်-ဒေါ်အေးမာ မိသားစုကမဂ္ဂဇင်းစာအုပ်၂၈၀၊ဂျာနယ်မျိုးစုံ ၃၀၀၊ ဒေါ်အုန်းကြည် တောင်ဥက္ကလာပ ရန်ကုန်မြို့က ဂျာနယ်မျိုးစုံ ၂၄၀၊ ဦးအောင်သန်း-ဒေါ်လှဦး၊ သမီး မဝါဝါမိုး၊ မလွင်မာသန်းတို့က ဂျာနယ်မျိုးစုံ ၅၀၀၊ ကျားဆေးလိပ်ခုံပိုင်ရှင် ဦးကျော်မြင့်-ဒေါ်မြင့်သိန်း၊ သမီး မခိုင်ခိုင်ဝင်း၊ မမြတ်သန္တာအေး မိသားစုက မဂ္ဂဇင်းစာအုပ်မျိုးစုံ၁၅၀၊ ဦးကြည်အေး ကုန်စုံဆိုင် ပိုင်ရှင် ဦးသိန်းနွယ်-ဒေါ်စန်းစန်းမြင့် မိသားစုက ဂျာနယ်မျိုးစုံ ၃၀၀တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်သိန်းချစ်က လက်ခံရယူပြီး **(အပေါ်ပုံ)**ကျေးဇူးတင်စကားပြောကြားသည်။ အလှူရှင်များ ဒုတိယ အကြိမ်လှူဒါန်းသော မဂ္ဂဇင်း၊ ဂျာနယ်များ၏ စုစုပေါင်း တန်ဖိုးမှာ ငွေကျပ်နှစ်သိန်းငါးသောင်းကျော်ရှိကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

လက်ပံတန်းမြို့နယ် မြင်ကဝကျေးရွာ၌ သစ္စာပန်းခင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက်က ကျင်းပရာ မြင်ကဝကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကွင်းဆင်းတိုင်းတာ

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ကြီးကြပ်မှုဖြင့် ဘုရားသုံးဆူ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးကျော်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှမြင့်တို့ ဒီဇင်ဘာ၁၅ရက်က အရှည်ပေ ၃၅၀၊ အကျယ် ၁၂ ပေရှိ ဈေးဘေးလမ်းကတ္တရာခင်းရန် ပစ္စည်းစုဆောင်းမှုနှင့် လမ်းခင်းမည့်အခြေအနေတို့ကို ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ရွှေကူမြို့နယ်တွင် စံပြကျောက်ချောလမ်းသစ်ဖွင့် ကျပ်၁၆သိန်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့

ရွှေကူ ဇန်နဝါရီ ၁၀

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်သော စံပြကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က အဆိုပါလမ်းသစ် မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တာဝန်ခံအင်ဂျင်နီယာတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်ခဲ့

အဆိုပါ စံပြကျောက်ချောလမ်းသည် အရှည်ပေ ၁၁၂၀၊ အကျယ် ၁၂ ပေရှိပြီး အဖွဲ့ရန်ပုံငွေ ၁၆ ဒသမ ၅ သိန်း အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ်စည်ပင်)**

မွန်ပြည်နယ် ကျိုက်ထိုမြို့ အမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆိပ်ဖူးတောင်ပရဟိတဓမ္မဟာတွင် ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် အာစရိယ ပူဇော်ပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့ရ ဇောတိက ဆရာတော်ကဩဝါဒစကား မြွက်ကြားတော်မူစဉ်။ (က-ပ)

ကျောက်ပန်းတောင်း အထက(၂)ကျောင်းသားဟောင်းများ အာစရိယပူဇော်၊ ထာဝရ ငွေပဒေသာပင် စိုက်ထူလှူဒါန်း

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၀

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ ယခင်စံပြ အခြေခံပညာကျောင်းဟောင်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ထာဝရ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက်က အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

ပူဇော်ကန်တော့

အခမ်းအနားတွင် ရန်ကုန်၊ မန္တလေးအဝေးရောက် ကန်တော့ခံ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပြီး ရှေးဦးစွာ အငြိမ်းစား ဆရာဆရာမကြီး ၄၃ ဦးတို့အား ကန်တော့ပွဲနှင့်တကွ လှူဖွယ်ပစ္စည်းများကို လှူဒါန်းကန်တော့ကြရာ အထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း) ဦးထွန်းငွေက ဆုံးမဩဝါဒအမှာစကား ပြောကြားပြီး ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ပူဇော်ကန်တော့ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုဆုပေးအပ်

ထို့နောက် ကွယ်လွန်သွားကြသော ဆရာကြီးဆရာမကြီးဟောင်းများအား ရည်စူး၍ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ဘုရား ရွှေသင်္ကန်းကပ်လှူရန် ငွေပဒေသာပင် ဒုတိယ အကြိမ် ကျပ်၁၀၀၀၀၊အရှင်ဆန္ဒာဓိက (ရွှေပါရမီ တောရဓမ္မစာပေ) အတွက် ဒုတိယအကြိမ်ကျပ်၁၀၀၀၀နှင့်ကျောက်ပန်း တောင်းမြို့ သာသနာ့ပါလ ဆွမ်းလောင်းအသင်းသို့အလှူငွေကျပ်၂၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းပြီး နှစ်စဉ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေး အတွက်ငွေပဒေသာပင်ကျပ်၅၀၀၀၀၀ တို့ကို ကျောင်းသားဟောင်း ကိုရွှေလွင်(ရန်ကုန်)ဦးဆောင်သော ကျောင်းသား ကျောင်းသူဟောင်းများက လှူဒါန်းကြကာ ၂၀၀၃-၂၀၀၄ ခုနှစ် ပညာသင်နှစ်တွင် လေးဘာသာ ဂုဏ်ထူးရ ကျောင်းသူသုံးဦးတို့အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်ကြသည်။ **(ဗဓာ)**

ပျော်ဘွယ်မြို့ အထက(၁) အာစရိယပူဇော်

ပျော်ဘွယ် ဇန်နဝါရီ ၁၁

ပျော်ဘွယ်မြို့အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းတွင်ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက်၉နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဓမ္မာရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာကြီး ဦးဝင်းအောင်က ဩဝါဒစကားပြောကြားပြီး ကျောင်းသူ ကျောင်းသားများက အလှူငွေများ ပေးအပ်လှူဒါန်း ပူဇော်ကြကြောင်း သိရသည်။ **(၂၁၅)**

ပန်းလှိုင်အိမ်ရာ လှိုင်သာယာမြို့နယ်နေ ဦးကျော်ခင်-ဒေါ်မွေးမွေး မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှု အသင်းသို့ ဦးကျော်ဆန်းမှတစ်ဆင့် လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်) က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က-ပ)

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီး နွေရာသီမီးဘေး ကြိုတင်ကာကွယ်ရေး လေ့ကျင့်ဇာတ်တိုက် သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၃ ရက်က ကျင်းပရာ ဒုတိယဦးစီးမှူး(အခွန်)ဦးခိုင်ကြည်သာလှနှင့် စည်ပင်သာယာရေး အဖွဲ့က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီနှင့် ဈေးမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်/စည်ပင်)

မြန်မာ့အသံ

၂၅-၁-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မင်းဇာနည်ရောင် ကကတစ် လှောင်အိမ်စနစ်ငါးမွေးမြူရေး)

၁၁:၃၀ မြန်မာမှုဟန်ဇာတိမာန် ဟောပြောချက်(မြဝတီမင်းကြီး ဦးစနှင့် သေနင်္ဂဗျူဟာ) (ညွန့်ဟံ-ကြူတော)

၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (အလုပ်စွမ်းရည်)

၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ရင်တွင်းစကား)

၁၂:၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (သမိုင်းဝင်ခေါင်းလောင်းများ-စုသီရိ)

၁၃:၁၀ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)

ညနေပိုင်း

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၀ ကမ္ဘာ့ဂီတ

၁၇:၂၀ ကျန်းမာကြံ့ခိုင် တို့မဏ္ဍိုင် (ကျန်းမာရေးနှင့် ညီညွတ်သော ကိုယ်လက်လှုပ်ရှားမှု)

၁၇:၅၀ သောတရှင်အတွက်ပြန်ကြားချက်

၁၈:၁၅ ကျေးလက်ဇာတ်လမ်း (သုံးတတ်ပါစေ)

၁၉:၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် မြင်းခွာပင်)

၂၀:၃၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိ

ယခုအပတ် မြန်မာဗီဒီယို ၁၄ ကားပြသခွင့်ပြု ဒါရိုက်တာ ဟိန်းဇော်၏ မြေကြီးဇာတ်ကားပါဝင်

မောင်ဆွေထွန်း

ရန်ကုန် ဇန်နဝါရီ ၂၃

ယခုအပတ်တနင်္လာနေ့မှစ၍ မြန်မာဗီဒီယိုဇာတ်ကား ၁၄ကား ဖြန့်ချိပြသမည်ဖြစ်ရာ ဇမ္ဗူတာလူဗီဒီယိုမှ ဒါရိုက်တာ ဟိန်းဇော်ရိုက်ကူး၍ သူမောင်၏ ပိုင်းချစ်တို့ ပါဝင်သော **လာထားဗျာ လာထား** ဇာတ်ကား။

ရွှေစင်ဦးဗီဒီယိုမှ ဒါရိုက်တာမင်းထင်ကိုကိုကြီးရိုက်ကူး၍ ရာဇာနေဝင်း၊ ခိုင်သင်းကြည်နှင့် ကင်းကောင်တို့ ပါ တို့ ပါဝင်သော **အချစ်မီး ပင်လယ်** ဇာတ်ကား။

စိန်ငွေးဗီဒီယိုမှဒါရိုက်တာ ကျော်ဇောလင်း ရိုက်ကူး၍ အရိုင်း၊ လှအဥ္စလီတင့်၊ ငှက်ပျောကြော်နှင့် ရှဲဒိုးတို့ပါဝင်သော **အဲဒါ ကိုတင့်အစွမ်းပေါ့** ဟာသ ဇာတ်ကား။ တက်လမ်းဗီဒီယိုမှ ဒါရိုက်တာ ရဲမင်းပိုင်ရိုက်ကူး၍ ရဲမင်းပိုင်၊ လင်းဇာနည်ဇော်တို့ပါဝင်သော **ရွှေမဥ္စူလေးလား** ဇာတ်ကား။ စိန်ပန်းမင်း ဗီဒီယိုမှ ဒါရိုက်တာ ဇော်မောင်လင်း ရိုက်ကူး၍ ညီညီမင်းထက်၊ ခိုင်ဟေမာန်နှင့်သံလိုက်တို့ပါဝင်သော **အသဿကုမ္မာ** ဇာတ်ကား။

ဇမ္ဗူတာလူဗီဒီယိုမှ ဒါရိုက်တာဟိန်းဇော်ရိုက်ကူး၍ ကျော်သူ၊ ဖိုးသောကြာ၊ မေသဥ္စာဦးနှင့် ဆုပန်ထွာတို့ ပါဝင်

သော **မြေကြီးဇာတ်ကား။** ဖိုးလပြည့်ဗီဒီယိုမှ ဒါရိုက်တာ နေပိုင်၊ သားညီနှင့် လှအဥ္စလီတင့်တို့ ပါဝင်သော **ကောင်းကင်ကြီးကိုမော့ကြည့်ပါ** ဇာတ်ကား။

စိန်ငွေး ဗီဒီယိုမှ ရိုက်ကူးသော 'အဲဒါ ကိုတင့်အစွမ်းပေါ့' ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

ဇမ္ဗူတာလူဗီဒီယိုမှ ဒါရိုက်တာဟိန်းဇော်၏ 'မြေကြီး' ဇာတ်ကားမှ ကျော်သူနှင့် ဖိုးသောကြာ။

'မောင်ရာဇာနေဝင်း(ကလုံး)' ဇာတ်ကားမှ ရာဇာနေဝင်းနှင့် ခိုင်သင်းကြည်တို့ဟန်။

လပ်ကီးဆဲဗင်း ဗီဒီယိုမှ ဒါရိုက်တာမောင်ဖေဒါ၏ 'မိုးစက်နှင်းပွင့်' ဇာတ်ကားမှ လူမင်းနှင့် အိန္ဒြာကျော်ဇင်။

သား ဖိုးသောကြာကို ပွဲထုတ်ထားသည့် မြေကြီး ဇာတ်ကားပါဝင်သည်။

တနင်္လာနေ့မှစ၍လပ်ကီးဆဲဗင်း ဗီဒီယိုမှ ဒါရိုက်တာမောင်ဖေဒါရိုက်ကူး၍ နေအောင်၊လူမင်းနှင့်အိန္ဒြာကျော်ဇင်တို့ ပါဝင်သော **မိုးစက် နှင်းပွင့်မေတ္တာဘွဲ့** ဇာတ်ကား။ စန္ဒီးပိုက်ဗီဒီယိုမှဒါရိုက်တာ ကုသိုလ်ရိုက်ကူး၍ ရဲအောင်၊ နိုင်နိုင်းနှင့် စိုးမြတ်နန္ဒာတို့ ပါဝင်သော **မာနကမ်းပါးစကား သစ်ပင်** ဇာတ်ကား။ မောင်သိန်းနိုင်၊ ငြိမ်းချမ်းနှင့် ဝင်သော **မောင်ရာဇာနေဝင်း (ကလုံး)** အဆင့်မြင့် ဇာတ်ကား။ စူပါနိုင်း ဗီဒီယိုမှ ဒါရိုက်တာ မြိုင်စစ်သူ ရိုက်ကူး၍ ငြိမ်းချမ်း၊ ရှဲဒိုးတို့ပါဝင်သော **ပေါ့ပေါ့ ပါးပါးရယ်** ဇာတ်ကား။ အောင်ဗီဒီယိုမှ ဒါရိုက်တာ အောင်အောင်ဦးရိုက်ကူး၍ မင်းဇော်၊ ဩမ်၊ စုလိှုင်နှင်းနှင့် ကောင်းစည်တို့ သူပါဝင်သော **သွေး၏ ဒုတိယ နိဂုံး** ဇာတ်ကား။ မျက်ခြယ် ဗီဒီယိုမှ ဒါရိုက်တာ ဇော်မြင့်ဦး၊ ခန့်စည်သူ၊ ရတနာခင်နှင့် ခိုင်နှင်းဝေ

စိုးမိုး ဗီဒီယို ဒါရိုက်တာ ဦးလှအောင်၊ တွံတေးသိန်းတန်နှင့် ချစ်စပယ်တို့ ပါဝင်သော **ညအလှနဲ့ ဟာသ ရသ** ဇာတ်ကား။ မျက်ခြယ် ဗီဒီယိုမှ ဒါရိုက်တာ ဒေါ်န၊ နေထက်လင်းနှင့် မြတ်ကေသီအောင်တို့ပါဝင်သော **ဒသဂီရိ အသည်းနှင့် လူ** ဇာတ်ကားတို့ ဖြန့်ချိမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

မြန်မာဗီဒီယိုဇာတ်ကားများ ဈေးနှုန်းလျှော့၍ ဥပဒေကျူးလွန်မှုအရေးယူ

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့က မြန်မာဗီဒီယိုဇာတ်ကားများကို ကြည့်ရှုသူပရိသတ်နှင့် အငှားဆိုင်များအကျိုးကို ရှေးရှု၍ ဗီဒီယို ချပ်ပြား ဈေးနှုန်းများကို ပြင်ဆင်လျှော့ပေါ့၍ ဖြန့်ချိရန် စီစဉ်ပေးခဲ့သည်။

သို့သော် မသမာသူအချို့က မြန်မာ့ရုပ်မြင်သံကြားနှင့် ဗီဒီယိုအခြေခံ ဥပဒေကိုဖောက်ဖျက်ကာ ပြစ်မှုကျူးလွန်ကြသဖြင့် အရေးယူဆောင်ရွက်နေရသည်။ မကြာမီက ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် မြောက်ဥက္ကလာပမြို့နယ်တို့မှ အငှားဆိုင်နှစ်ဆိုင်ကို ဗီဒီယိုဥပဒေကျူးလွန်မှုဖြင့် အရေးယူထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တိုင်းရင်းသားအဖွဲ့ အစည်းများအပါအဝင် နယ်ပယ်ကဏ္ဍစုံ၊ အလွှာစုံမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည့် အမျိုးသားညီလာခံကြီး မကြာမီကျင်းပမည် တိုင်းရင်းသားအဖွဲ့အစည်းအားလုံး မူဝါဒလမ်းစဉ်(၇)ရပ် အဆင့်တိုင်းတွင် တက်ကြွစွာပါဝင်

ရန်ကုန် ဇန်နဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကချင်ပြည်နယ် အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းနှင့် အဖွဲ့ဝင်များအား ယနေ့ညနေ၃နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ကချင်ပြည်နယ် အထူးဒေသ(၂) ဒုတိယဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းနှင့်အတူ အတွင်းရေးမှူး ဒေါက်တာလဂျာ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များဖြစ်ကြသော ဒေါက်တာဇော်ဂွမ်နှင့် ဦးခွန်မြတ်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကချင် ပြည်နယ် အထူးဒေသ (၂) ဒုတိယ ဥက္ကဋ္ဌ ဦးဂေါ်ရီဇော်ဆိုင်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒဂုံရိပ်သာညှိနှိုင်းခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိဘဘိုးဘွားများထားရစ်ခဲ့သည့် အမျိုးသားရေးအမွေအနှစ် အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရေး အခြေခံခိုင်မာစွာဆောင်ရွက်

❒ အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အနာဂတ်တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးနှင့်တကွ နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ရေရှည်အာမခံနိုင်မည့်အပြင် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားကို ညီညွတ်မျှတစွာ ဖော်ဆောင်နိုင်မည့် တစ်မျိုးသားလုံးအတွက် အကောင်းဆုံးဖြစ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အခြေခံရမည့် အခြေခံမူများကိုဆွေးနွေးချမှတ်နေ၊

❒ အမျိုးသားညီလာခံကြီးက အသေးစိတ်အခြေခံမူများ ချမှတ်ပေးပြီးနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး၊ ပြည်သူလူထု၏ သဘောထားဆန္ဒခံယူအတည်ပြုရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကျင်းပရေး စသည့် လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ကြရဦးမည်ဖြစ်၊

❒ မိမိတို့ မိဘဘိုးဘွားများထားရစ်ခဲ့သည့် အမျိုးသားရေးအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အနှစ်သာရများ ယိုယွင်းပျက်ပြားမှုမရှိစေဘဲ အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရေးအတွက် အခြေခံခိုင်မာစွာဖြင့် တစ်ဆင့်ချင်းတစ်ဆင့်ချင်း ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များ ပြည့်ပြည့်ဝဝ အောင်မြင်ပြီးမြောက်ရေးအတွက် အချိန်ယူဆောင်ရွက်။